# ရွေးကောက်ပွဲနှင့်

# ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း

## (Elections & Election Monitoring)

ယုံကြည်ရသော ရွေးကောက်ပွဲများပေါ်ပေါက်ရေး
ပြည်သူများပူးပေါင်းလှုပ်ရှားမှုအဖွဲ့
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

(Draft)

# မာတိကာ


| | | |
|---|---|---|
| အခန်း (၁) | ဒီမိုကရေစီစနစ်ဆိုတာ ဘာလဲ | ၁ |
| အခန်း (၂) | ရွေးကောက်ပွဲ | ၆ |
| အခန်း (၃) | ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း | ၁၁ |
| အခန်း (၄) | လွှတ်တော်ကိုယ်စားလှယ်များ | ၂၃ |
| အခန်း (၅) | မဲဆွယ်စည်းရုံးခြင်း | ၂၇ |
| အခန်း (၆) | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၃၀ |
| အခန်း (၇) | ရွေးကောက်ပွဲအကြမ်းဖက်မှု | ၃၄ |
| အခန်း (၈) | နိုင်ငံရေးပါတီများ ဖွဲ့စည်းထူထောင်ခြင်း | ၃၇ |
| အခန်း (၉) | ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၄၁ |

# အခန်း (၁)

# ဒီမိုကရေစီစနစ်ဆိုတာ ဘာလဲ

ဒီမိုကရေစီဆိုသော ဝေါဟာရသည် ဂရိစကားလုံးတွေဖြစ်သည့် ဒီမို(Demos)နှင့် ကရာတို့(Kratos)ဆိုသည့် စကားလုံးတွေကနေ ဆင်းသက်လာတာဖြစ်သည်။ ဒီမို(Demos)ဆိုတာ ပြည်သူလူထုလို့ အဓိပ္ပာယ်ရပြီး ကရာတို့(Kratos)ဆိုတာကတော့ အုပ်ချုပ်ခြင်းလို့ အဓိပ္ပာယ်ရပါသည်။ ဒါကြောင့် စကားလုံးနှစ်လုံးကို ပေါင်းစပ်လိုက်ရင် ပြည်သူလူထု၏ အုပ်ချုပ်ခြင်းဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။ ပြည်သူလူထုရဲ့ အုပ်ချုပ်ခြင်းသည် အခြေခံအားဖြင့် နှစ်မျိုးနှစ်စားရှိပါသည်။

## တိုက်ရိုက်ဒီမိုကရေစီစနစ် (Direct Democracy)

ပထမတစ်မျိုးကတော့ ရှေးဦးဒီမိုကရေစီ (သို့) တိုက်ရိုက် ဒီမိုကရေစီစနစ်နှင့် အုပ်ချုပ်ခြင်းပဲ ဖြစ်ပါသည်။ ရှေးဟောင်း ဂရိမြို့ပြနိုင်ငံလေးတစ်ခုဖြစ်သည့် အေသင်မှာ စတင်ကျင့်သုံးခဲ့ပါသည်။ အေသင်ဟာ မြို့ပြနိုင်ငံငယ်လေး ဖြစ်တာကြောင့် နိုင်ငံသားအားလုံးက နေရာတစ်နေရာတည်းမှာ လာရောက်ပြီး စည်းဝေးနိုင်ကြပါသည်။ လူဦးရေက နည်းပါးသေးတာကြောင့်လည်း ဖြစ်ပါသည်။ အဲဒီအစည်းအဝေးတွေမှာ တိုင်းရေးပြည်ရာကိစ္စတွေကို တိုင်ပင်ဆွေးနွေးဆုံးဖြတ်ကြပါသည်။ ဒါပေမယ့် မိန်းမတွေနှင့် ကျေးကျွန်တွေကတော့ မဲဆန္ဒပေးခွင့်နှင့် ဝင်ရောက် ဆွေးနွေးပိုင်ခွင့်တွေကို မရရှိခဲ့ကြပါဘူး။ မြေပိုင်ရှင်ကြီးတွေ၊ ငွေကြေးချမ်းသာတဲ့သူတွေနှင့် အထက်တန်းလွှာ လူနည်းစုတွေလောက်ပဲ မဲပေးခွင့်တွေကို ရရှိခဲ့ကြသည်။

## ကိုယ်စားပြုဒီမိုကရေစီစနစ် (Representative Democracy)

ပြည်သူလူထုအားလုံး တိုက်ရိုက်ပါဝင် ဆောင်ရွက်ခွင့်ရသည့် တိုက်ရိုက်ဒီမိုကရေစီစနစ်ကို နောက်ပိုင်းခေတ်တွေမှာ ဆက်ပြီးကျင့်သုံးဖို့ဆိုတာ လက်တွေ့မှာ မလွယ်ကူတော့ပါဘူး။ နိုင်ငံတွေ၏ နယ်နမိတ်တွေ ပိုမိုကြီးမားကျယ်ပြန့်လာပြီး လူဦးရေတွေကလည်း အဆမတန် များပြားလာလို့ပါပဲ။ ဒါကြောင့် ပြည်သူတွေအနေနှင့် နိုင်ငံရေးနှင့် အစိုးရလုပ်ငန်းတွေမှာ ဆက်လက်ပြီး ပါဝင်ခွင့်တွေ ရနေနိုင်အောင်လို့ နိုင်ငံရေးနည်းလမ်းအသစ်တွေ၊ အစီအစဉ်အသစ်တွေကို စဉ်းစား အကောင်အထည်ဖော်ကြရသည်။ ပြည်သူလူထုအားလုံး တစ်နေရာတည်းမှာ လာရောက်စုဝေးကြပြီး စဉ်းစားဆုံးဖြတ်တဲ့ အလုပ်တွေကို လုပ်ကြမယ့်အစား သူတို့၏လိုအင်ဆန္ဒတွေကို ကိုယ်စားအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မယ့် ပြည်သူ့ကိုယ်စားလှယ်တွေကို ရွေးချယ်ပြီး စေခိုင်းကြပါသည်။ အဲ့ဒီလိုနှင့် ကိုယ်စားပြု ဒီမိုကရေစီစနစ်နှင့် အုပ်ချုပ်ခြင်းပုံစံ ပေါ်ထွန်းလာတာ ဖြစ်ပါသည်။

ကိုယ်စားပြု ဒီမိုကရေစီစနစ်တွင် အချိန်ကာလ အပိုင်းအခြားအလိုက် ကျင်းပသော ရွေးကောက်ပွဲတွေက တဆင့် မိမိတို့၏ ကိုယ်စားလှယ်တွေကို ရွေးချယ်ကြပြီး၊ တာဝန်မကျေပွန်သော ကိုယ်စားလှယ်များ၏နေရာတွင် အခြားသောကိုယ်စားလှယ်များနှင့် အစားထိုးရွေးချယ်ကြသည်။

## ဒီမိုကရေစီ၏ အခြေခံစံနှုန်းများ (Basic Principles of Democracy)

ဒီမိုကရေစီစနစ်ကို ဖွဲ့စည်းတည်ဆောက်ပုံနှင့် လက်တွေ့ကျင့်သုံးကြတဲ့ နေရာတွေမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထပ်တူထပ်မျှတော့ မတူညီကြပေမယ့်လို့ ယေဘုယျအားဖြင့် တူညီတဲ့အချက်တွေကတော့ အတော်များများ ရှိနေပါသည်။ အဲဒါတွေကိုပဲ ဒီမိုကရေစီစနစ်၏ အခြေခံစံနှုန်းတွေလို့ ဆိုခဲ့ကြသည်။ နိုင်ငံတစ်နိုင်ငံမှာ ဒီမိုကရေစီပြည့်ဝမှု ရှိ/ မရှိဆိုတာကို လည်း အဲဒီ အခြေခံစံနှုန်းတွေနှင့် တိုင်းတာလေ့ရှိကြသည်။ ဒီမိုကရေစီဆိုတာ ကာလဒေသကိုလိုက်ပြီး အနည်းငယ် ကွဲပြားခြားနားမှုရှိပေမယ့် ဒီမိုကရေစီစနစ်လို့ ပြောမယ်ဆိုရင် အခြေခံစံနှုန်းတွေကိုတော့ ပြည့်မီဖို့လိုပါသည်။ အဲဒီအခြေခံစံနှုန်းတွေကနေ ကင်းလွတ်ပြီး စည်းကမ်းပြည့်ဝသော မြန်မာ့ဒီမိုကရေစီ၊ အာရှဒီမိုကရေစီ၊ ပြည်သူ့ဒီမိုကရေစီဆိုပြီး ကိုယ်တည်ဆောက်ချင်တဲ့ အတွေးအမြင်တွေနဲ့ သီးသီးခြားခြား တည်ဆောက်လို့မရပါဘူး။ ဒီမိုကရေစီစနစ်၏ အခြေခံစံနှုန်းတွေကတော့ ...

- အရွယ်ရောက်ပြီးတဲ့ နိုင်ငံသားတိုင်း လူမျိုးဘာသာ မရွေး၊ ကျား/မ မရွေး မဲဆန္ဒပေးပိုင်ခွင့် ရှိရပါမည်။
- နိုင်ငံသားတိုင်း စိတ်ဆန္ဒရှိပြီး သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံလျှင် ရွေးကောက်ပွဲတွေမှာ ကိုယ်တိုင်ကိုယ်ကျလည်း ပါဝင်ပြီး အရွေးချယ်ပိုင်ခံခွင့် ရှိရပါမည်။
- နိုင်ငံသားတိုင်း နိုင်ငံရေးပါတီတွေ နှင့်လူမှုရေးအသင်းအဖွဲ့တွေကို လွတ်လွတ်လပ်လပ်နဲ့ ဖွဲ့စည်းထူထောင်ပိုင်ခွင့် ရှိရပါမည်။
- နိုင်ငံသားတိုင်း သတင်းမီဒီယာတွေကို အသုံးပြုပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသားခွင့်၊ သတင်းဖြန့်ဝေခွင့်ရှိသလို သတင်းအချက်အလက်တွေကို ရယူပိုင်ခွင့်လည်း ရှိရပါမည်။
- သာမန်နိုင်ငံသားတွေအနေနှင့် အဖမ်းအဆီး အစစ်အဆေးခံရမှာကို ကြောက်နေစရာမလိုဘဲ အစိုးရကို ဦးဆောင်နေတဲ့ သမ္မတ၊ ဝန်ကြီးချုပ်တွေနှင့် အစိုးရအဖွဲ့ကို လွတ်လွတ်လပ်လပ် ဝေဖန်ထောက်ပြပိုင်ခွင့် ရှိရပါမည်။
- လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်တွေ ရှိရပါမည်။
- လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေကို ပုံမှန်ကျင်းပပေးရပါမည်။
- အစိုးရအဖွဲ့သည် ရွေးကောက်ပွဲတွေကနေတဆင့် ရွေးချယ်တင်မြှောက်ခံရသူတွေ ဖြစ်ရပါမည်။
- တရားဥပဒေ၏ရှေ့မှောက်မှာ နိုင်ငံသားအားလုံး ကျောသားရင်သား ခွဲခြားခံရမှုမရှိဘဲ အခွင့်အရေးတန်းတူညီမျှ ဖြစ်ရပါမည်။

- အစိုးရနှင့် ပြည်သူ့ဝန်ထမ်းတွေကလည်း သာမန်အများပြည်သူတွေလိုပဲ နိုင်ငံ၏ဥပဒေတွေကို လေးစားလိုက်နာကျင့်ကြံဆောင်ရွက်ရပါမည်။
- အစိုးရဟာ ပြည်သူတွေက ရွေးကောက်တင်မြှောက်ထားတဲ့သူတွေ ဖြစ်တာကြောင့် ပြည်သူတွေ၏ မဲဆန္ဒကို တာဝန်ခံရပါမည်။ အဲဒီလို တာဝန်ခံအောင်လို့လည်း လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်၊ လွှတ်တော်စတဲ့ ယန္တရားတွေနှင့် ထိန်းညှိထားရပါမည်။
- ပြည်သူတွေ၏မဲဆန္ဒကို တာဝန်မခံနိုင်တော့သည့် အစိုးရနှင့်ကိုယ်စားလှယ်များကို ရွေးကောက်ပွဲတွေကတဆင့် ပြန်လည်ပြီး ဖြုတ်ချနိုင်ရမည်။
- နိုင်ငံ၏အချုပ်အချာအာဏာသည် ပြည်သူတွေထံကသာ ဆင်းသက်ရမှာ ဖြစ်ပါတယ်။
- မည်သည့် နိုင်ငံရေးခေါင်းဆောင်၊ မည်သည့်အဖွဲ့အစည်းကမှ ပြည်သူကပေးအပ်ထားတာ မဟုတ်သည့် အထူးအာဏာဆိုတာမျိုးကို လက်ဝယ်ကိုင်ပြီး နိုင်ငံရေးရာမှာ ဝင်ရောက်ပြီး ဆောင်ရွက်ခွင့် လုံးဝမရှိပါဘူး။
- ဒါကြောင့်လည်း ဒီမိုကရေစီနိုင်ငံတွေမှာ စစ်တပ်ဟာ ပြည်သူက ရွေးချယ်ထားတဲ့ အရပ်သားအစိုးရ၏ ထိန်းချုပ်မှုအောက်မှာပဲ ရှိနေရတာ ဖြစ်ပါသည်။
- နိုင်ငံသားအခွင့်အရေးတွေကို ဥပဒေအရ အခိုင်အမာ အာမခံချက်ပေးထားရမှာ ဖြစ်ပြီး လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်နှင့် သမာသမတ်ကျတဲ့ တရားသူကြီးတွေက တရားမျှတမှုရှိတဲ့ ဥပဒေတွေကိုလည်း အသက်ဝင်လာအောင်လို့ ဆောင်ရွက်ရပါမည်။

## ဒီမိုကရေစီစနစ်၏ အားသာချက်များ

ဒီမိုကရေစီစနစ်မှာ နိုင်ငံ၏အချုပ်အခြာအာဏာကို ပြည်သူလူထုကသာ ပိုင်ဆိုင်ပါသည်။ အစိုးရ၏ ဆုံးဖြတ်ချက်တွေကိုလည်း လူများစု၏ ဆန္ဒသဘောထားနှင့်အညီ ချမှတ်ကြလေ့ရှိပါသည်။ ဒါပေမယ့် လူနည်းစုတွေ၏ အမြင်သဘောထားတွေနှင့် ဝေဖန်အကြံပြုတာတွေကိုလည်း လေးစားတန်ဖိုးထားကြပြီး သဘောထားကြီးကြီးနှင့်လည်း အကာအကွယ်ပေးပါသည်။

ကိုယ်နဲ့မတူတဲ့ အတွေးအမြင်ရှိသူတွေကိုလည်း သည်းခံနားလည်နိုင်စွမ်း ရှိကြပါသည်။ ကိုယ်နဲ့ဓလေ့ထုံးစံ စရိုက်လက္ခဏာ မတူညီကြတဲ့ တိုင်းရင်းသားလူနည်းစုတွေ၊ တခြားဘာသာဝင်တွေကိုလည်း လေးစားတန်ဖိုးထားကြပါသည်။

## ဒီမိုကရေစီအသွင်ကူးပြောင်းမှုများ (Transition to Democracy)

ယနေ့ခေတ်ကို တကမ္ဘာလုံးနှင့်ချီပြီး ဒီမိုကရေစီစနစ်ဘက်ကို တိမ်းညွှတ်တဲ့ ခေတ်ကာလလို့ သတ်မှတ်ကြပါတယ်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့အရပ်ရပ်မှာရှိတဲ့ နိုင်ငံအသီးသီးဟာလည်း ဒီမိုကရေစီလှိုင်းလုံးကြီးရဲ့ ရိုက်ခတ်မှုဒဏ်ကို အံမတုနိုင်ကြတော့ပါဘူး။ သမိုင်း၏တောင်းဆိုချက်အရ ဒီမိုကရေစီစနစ်ဘက်ဆီကို ရွေ့လျားကူးပြောင်းနေကြပါပြီ။

ကမ္ဘာတစ်ပှမ်းလုံးက နိုင်ငံအတော်များများကလည်း လက်ရှိကျင့်သုံးနေတဲ့ အုပ်ချုပ်မှုပုံစံတွေကနေ ဒီမိုကရေစီစနစ်ဆီကို ဦးတည်ပြီး အသွင်ကူးပြောင်းနေကြပါပြီ။ ပြီးခဲ့တဲ့ (၂၀)ရာစုခေတ်ကို ပြန်ကြည့်မယ်ဆိုရင် ဒီမိုကရေစီစနစ် အတော်ခိုင်မာပြီလို့ ဆိုနိုင်တဲ့ နိုင်ငံတွေတောင် ဒီမိုကရေစီစနစ်ကို ခိုင်မာသထက် ပိုပြီးခိုင်မာအောင် တည်ဆောက်ခဲ့ကြပါတယ်။ ဆန်းသစ်စ၊ အသွင်ကူးပြောင်းစ ဒီမိုကရေစီနိုင်ငံတွေကလည်း ဒီမိုကရေစီစနစ်ကို ပိုပြီးခိုင်မာလာအောင် ကြိုးပမ်းခဲ့ကြပါသည်။ အာဏာရှင်စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတွေကလည်း အပေါ်ယံဟန်ပြအနေနှင့် ဒီမိုကရေစီစနစ်ဆီကို အသွင်ကူးပြောင်း တည်ဆောက်ခဲ့ကြတာမျိုးတွေ ရှိပါသည်။

## ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်၏ အစပြုမှတ်နှင့်ပန်းတိုင်

ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်မှာ အစပြုအမှတ်က ရွေးကောက်ပွဲဖြစ်ပြီး ပန်းတိုင်ကတော့ ခိုင်မာသည့် ဒီမိုကရေစီစနစ်ပဲဖြစ်သည်။ ဒါကြောင့်လည်း ဒီမိုကရေစီစနစ်ကို သွားမယ်ဆိုရင် ရွေးကောက်ပွဲကနေ ခိုင်မာသည့် ဒီမိုကရေစီစနစ်ဆီကို ရွေ့လျားသွားရမယ်လို့ ဆိုကြတာဖြစ်ပါသည်။ ဒါပေမဲ့လည်း အဲဒီ ရွေ့လျားမှုဖြစ်စဉ်မှာ အစပိုင်းမှာတင် ရပ်တန့်သွားသည့် အသွင်ကူးပြောင်းမှု ဖြစ်စဉ်တွေရှိသလို နောက်ပြန်ဆုတ်သွားတဲ့ ဖြစ်စဉ်တွေ၊ လမ်းတစ်ဝက်မှာတင် ရပ်တန့်သွားတဲ့ဖြစ်စဉ်တွေ၊ ဟိုမရောက်ဒီမရောက် ဖြစ်သွားသည့် ဖြစ်စဉ်တွေလည်း ဒုနှင့်ဒေး အများကြီးရှိသည်။ ဒါကြောင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်ကို စတင်လိုက်ပြီဆိုတာနှင့် ပန်းတိုင်ဖြစ်တဲ့ ခိုင်မာသည့်ဒီမိုကရေစီစနစ်ဆီကို အလိုအလျောက် အလွယ်တကူ ရောက်ရှိသွားလိမ့်မယ်လို့ သေချာပေါက်တွက်ဆလို့ မရပါဘူး။

ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်၏ အစပြုမှတ်လို့ဆိုကြသည့် ရွေးကောက်ပွဲတွေကို လေ့လာကြည့်မယ်ရင် စစ်မှန်ပြီး ပြည်သူ့ဆန္ဒကို အမှန်အကန် ထင်ဟပ်နိုင်သော ရွေးကောက်ပွဲတွေရှိသလို

- ဟန်ပြရွေးကောက်ပွဲတွေ၊
- မသမာမှုတွေ ပြွမ်းတီးနေသော ရွေးကောက်ပွဲတွေ၊
- လုပ်ကြံရွေးကောက်ပွဲတွေကိုလည်း တွေ့နိုင်ပါသည်။

ဒါကြောင့်လည်း ရွေးကောက်ပွဲတွေကို ကျင်းပလိုက်ရုံနှင့် ဒီမိုကရေစီဖြစ်ပြီလို့ သတ်မှတ်လို့ မရပါဘူး။ ဒါပေမဲ့ ဒီမိုကရေစီစနစ် ရှင်သန်ဖို့အတွက်ကတော့ ရွေးကောက်ပွဲတွေဟာ အရမ်းကို အရေးကြီးသော အခန်းကဏ္ဍတစ်ခုအနေနှင့် ရှိနေပါသည်။

ဘယ်လိုပုံစံမျိုးကို ခိုင်မာသည့် ဒီမိုကရေစီလို့ သတ်မှတ်ကြသလဲ ဆိုတာကိုလည်း သိဖို့လိုပါသည်။ နိုင်ငံတစ်နိုင်ငံမှာ အပြုအမူအရ၊ သဘောထားအရ၊ အခြေခံဥပဒေအရ ဒီမိုကရေစီဟာ တစ်ခုတည်းသော အားကိုးရာ နိုင်ငံရေးစည်းမျဉ်း ဖြစ်နေပြီဆိုရင်တော့ အဲဒီနိုင်ငံဟာ ရင့်ကျက်ခိုင်မာသည့် ဒီမိုကရေစီနိုင်ငံ(Consolidated Democracy)အဖြစ်ကို ရောက်ပြီလို့ ဆိုနိုင်ပါသည်။

## အပြုအမူရှုထောင့် (Behaviorally)

နိုင်ငံမှာရှိသည့် လူမျိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အဖွဲ့အစည်းတွေက ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရကို ပြန်ပြီး ဖြုတ်ချဖို့အတွက် ရွေးကောက်ပွဲ နည်းလမ်းကလွဲပြီး တခြားနည်းတွေနှင့် မကြိုးစားကြဘူး၊ နောက်ပြီး ကိုယ်သဘောမတူနိုင်တဲ့ အကြောင်းအရာတစ်ခု ကြုံတွေ့ပြီဆိုတာနှင့် လက်နက်ကိုင်အကြမ်းဖက်တဲ့နည်းကို သုံးပြီး နိုင်ငံတော်ကို ဖြိုခွဲဖို့ မကြိုးစားကြဘူးဆိုရင် အဲဒီနိုင်ငံဟာ အပြုအမူရှုထောင့်အရ ဒီမိုကရေစီစနစ် ရင့်ကျက်ခိုင်မာပြီလို့ ဆိုနိုင်ပါသည်။

## သဘောထားရှုထောင့် (Attitudinally)

နိုင်ငံမှာ ဘယ်လိုနိုင်ငံရေး၊ စီးပွားရေး အခက်အခဲမျိုးတွေနှင့် ရင်ဆိုင်နေရပါစေ ပြုပြင်ပြောင်းလဲရေးတွေကို ညှိနှိုင်းဆွေးနွေးတဲ့နည်း၊ အပေးအယူလုပ် ဈေးစပ်တဲ့နည်း စတဲ့ ဒီမိုကရေစီနည်းလမ်းတွေနှင့်အညီ ဆောင်ရွက်ရမယ်လို့ လူထုအနေနှင့် ခိုင်ခိုင်မာမာ ယုံကြည်ကြတယ်ဆိုရင် အဲဒီနိုင်ငံဟာ သဘောထားရှုထောင့်အရ ဒီမိုကရေစီစနစ် ရင့်ကျက်ခိုင်မာပြီလို့ ဆိုလို့ရသည်။

## အခြေခံဥပဒေရှုထောင့် (Constitutionally)

နိုင်ငံ၏အခက်အခဲ ပဋိပက္ခတွေကို ဖြေရှင်းကြသည့်နေရာမှာ အစိုးရကပဲဖြစ်ဖြစ်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတွေကပဲဖြစ်ဖြစ် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းမူဘောင်တွေအတွင်းကပဲ ဖြေရှင်းကြတယ်ဆိုရင် အဲဒီနိုင်ငံဟာ အခြေခံဥပဒေရှုထောင့်အရ ရင့်ကျက်ခိုင်မာသည့် ဒီမိုကရေစီကို ရရှိပိုင်ဆိုင်ထားပြီလို့ ဆိုလို့ရပါသည်။ အဲဒီ အခြေခံစည်းမျဉ်းမူဘောင်၊ ဥပဒေတွေဟာလည်း ဒီမိုကရေစီနည်းအရ ပြဋ္ဌာန်းထားတဲ့ စည်းမျဉ်းမူဘောင်တွေဖြစ်ဖို့ လိုအပ်သလို ဒီမိုကရေစီစံနှုန်းတွေနှင့်လည်း ပြည့်စုံကိုက်ညီမှုရှိဖို့ လိုအပ်ပါသည်။

# အခန်း (၂)

## ရွေးကောက်ပွဲ (Election)

နိုင်ငံတကာ ဥပဒေတွေအရဆိုရင် အရွယ်ရောက်ပြီးတဲ့ နိုင်ငံသားတိုင်း ရွေးကောက်ပွဲတွေမှာ မဲပေးခွင့်နှင့် နိုင်ငံရေးဖြစ်စဉ်တွေမှာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခွင့်တွေ ရှိပါတယ်။ မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးပြီး ဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ်(၂၁)အရ လူတိုင်းလူတိုင်း တိုက်ရိုက်(ဒါမှမဟုတ်) ကိုယ်စားလှယ်တွေကို ရွေးချယ်တာကနေတဆင့် ကိုယ့်နိုင်ငံ၏အစိုးရလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ပိုင်ခွင့်တွေ ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ အခြေခံဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနဲ့ တာဝန်များ ပုဒ်မ(၃၆၉) မှာ နိုင်ငံသားတိုင်း လွှတ်တော်ကိုယ်စားလှယ်တွေကို မဲပေးရွေး ချယ်ပိုင်ခွင့်နှင့်ကိုယ်တိုင်ကိုယ်ကျလည်း ဝင်ရောက်ပြီး ရွေးကောက်ခံပိုင်ခွင့်တွေ ရှိတယ်လို့ အတိအလင်း ရေးသားထားပါတယ်။

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ(၄)မှာလည်း နိုင်ငံတော်၏ အချုပ်အခြာအာဏာဟာ နိုင်ငံသားတို့ထံမှ ဆင်းသက်တယ်လို့ အတိအလင်း ဖော်ပြထားပါတယ်။ နိုင်ငံတော်၏အမြင့်ဆုံး အချုပ်အခြာအာဏာကို တစ်ဦးတစ်ယောက်တည်း ဒါမှမဟုတ် တစ်ဖွဲ့တည်းကို အချိန်အကန့်အသတ်မဲ့ အတိုင်းအဆမဲ့ ပေးအပ်မိမယ်ဆိုရင် အာဏာကို အလွဲသုံးစားလုပ်ပြီး ပြည်သူတွေကို နှိပ်စက်တာတွေ၊ ဖောက်ပြန်တာတွေ ဖြစ်တတ်ပါတယ်။ အကြွင်းမဲ့အာဏာသည် အကြွင်းမဲ့ပျက်စီးခြင်းကိုလည်း ဖြစ်စေနိုင်ပါတယ်။ အကြွင်းမဲ့အာဏာကြောင့် အစိုးရတွေ ရှင်ဘုရင်စိတ်ပေါက်ပြီး တိုင်းသူပြည်သားတွေကို ကျွန်သပေါက်တွေလို သဘောထားလာနိုင်ပါတယ်။ ဒါကြောင့် တိုင်းပြည်၏ အချုပ်အခြာအာဏာကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာဆိုပြီး သုံးပိုင်းခွဲခြားထားလိုက်ကြပါတယ်။

ဥပဒေပြုအဖွဲ့ဝင်တွေဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနှင့်အုပ်ချုပ်ရေးအဖွဲ့ဖြစ်တဲ့ အစိုးရအဖွဲ့ဝင်တွေကို အချိန်ကာလတစ်ခုအထိ (ဥပမာ လေးနှစ်၊ ငါးနှစ်)ပဲ အာဏာအပ်နှင်းထားကြပါတယ်။ အဲဒီအချိန်ကာလ အတောအတွင်းမှာ သူတို့၏ မူဝါဒတွေကို အကောင်အထည်ပေါ်လာအောင်လို့ ဆောင်ရွက်ကြရပါတယ်။ အကောင်အထည်ပေါ်လာအောင်လို့ မဆောင်ရွက်နိုင်ဘူး ဆိုရင်တော့ သူတို့ကို နောက်ထပ်တစ်ကြိမ် ထပ်မံပြီးရွေးချယ်စရာ အကြောင်းမရှိတော့ပါဘူး။

ပြည်သူလူထုက လွှတ်တော်ကိုယ်စားလှယ်အသစ်တွေကို ထပ်မံပြီး ရွေးချယ်နိုင်ဖို့နှင့် ဆန္ဒသဘောထားတွေကို လွတ်လွတ်လပ်လပ် ဖော်ထုတ်ပြသနိုင်ဖို့အတွက် ရွေးကောက်ပွဲတွေကို ငါးနှစ်တစ်ကြိမ်၊ လေးနှစ်တစ်ကြိမ် စသည်အားဖြင့် ပုံမှန်ကျင်းပကြရပါတယ်။ ရွေးကောက်ပွဲများကို လွှတ်တော် အထွေထွေရွေးကောက်ပွဲ၊ ပြည်နယ်အဆင့် ရွေးကောက်ပွဲများနှင့် ဒေသန္တရဆိုင်ရာ ရွေးကောက်ပွဲများဆိုပြီး အဆင့်ဆင့်ခွဲခြားထားသည်။ သမ္မတရွေးကောက်ပွဲဖြင့် ပြည်သူလူထုက သမ္မတကို တိုက်ရိုက်မဲဆန္ဒပေးပြီး ရွေးကောက်တင်မြှောက်ကြသော နိုင်ငံများလည်းရှိသည်။ ရွေးကောက်ပွဲ

အဆင့်ဆင့်ကို မသမာမှုများ မပြုလုပ်နိုင်အောင် တစ်ရက်အတွင်း ပြီးစီးအောင် တပြိုင်နက်ကျင်းပကြသော နိုင်ငံများရှိသလို တစ်ခုနှင့်တစ်ခု ရက်များခွဲပြီး ကျင်းပကြသော နိုင်ငံများလည်းရှိသည်။

မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့် လနှင့်နေ့ရက်တို့ကို အတိအကျ ဥပဒေပြုပြီး ပြဋ္ဌာန်းသတ်မှတ်ထားခြင်းမျိုး မရှိပဲ ရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် လနှင့်ရက်တွင်သာ ကျင်းပကြရသည်။

## ရွေးကောက်ပွဲဆိုတာ ဘာလဲ

ရွေးကောက်ပွဲဆိုသည်မှာ အစိုးရအဖွဲ့အစည်း အဆင့်အသီးသီးတွင် မိမိတို့၏ကိုယ်စား ပါဝင်ဆောင်ရွက်ရန် အတွက် မိမိတို့နှစ်သက်သဘောကျသော ပါတီနှင့် ကိုယ်စားလှယ်လောင်းများကို မဲဆန္ဒပေး ရွေးချယ်ကြသည့် နိုင်ငံရေးဖြစ်စဉ်တစ်ရပ်ပင် ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတွေမှာ နိုင်ငံသားတွေက လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေမှာ ပုံမှန်မဲပေးခြင်းအားဖြင့် သူတို့၏နိုင်ငံရေးနှင့်ပတ်သက်တဲ့ အခွင့်အရေးတွေကို လက်တွေ့ကျင့်သုံးနိုင်ပါတယ်။ နိုင်ငံသားတွေအနေနှင့် ဘာကြောင့် ရွေးကောက်ပွဲတွေမှာ မဲပေးရတာလဲ ဆိုတာကိုလည်း သိထားရပါမယ်။ ပြည်သူတွေအနေနှင့် မဲပေးတာကို ကောင်းကောင်းအသုံးချပြီး........

- နိုင်ငံရေးအရ ကိုယ်ကြိုက်နှစ်သက်တာတွေကို ငြိမ်းချမ်းစွာနဲ့ ဖော်ထုတ်ပြသနိုင်ပါတယ်။
- မဲပေးတာကို အသုံးချပြီး ကိုယ့်ဘဝနှင့်ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ အရေးအရာကိစ္စတွေကို ဖန်တီးချယ်လှယ်နိုင်ပါတယ်။
- ကိုယ်စားလှယ်တွေကနေတဆင့် ကိုယ့်၏အကျိုးစီးပွားတွေကို ဖော်ဆောင်ပေးမယ့် အစိုးရအဖွဲ့ကို ရွေးချယ်နိုင်ပါတယ်။
- မကြိုက်နှစ်သက်တော့တဲ့ ကိုယ်စားလှယ်တွေကိုလည်း ရာထူးကနေ ပြန်ပြီးတော့ ဖယ်ရှားပစ်နိုင်ပါတယ်။
- လုပ်ပိုင်ခွင့်အာဏာကို ဘယ်သူတွေက ကျင့်သုံးသင့်တယ်ဆိုတာကို ငြိမ်းချမ်းတဲ့နည်းနှင့် အဆုံးအဖြတ်ပေးနိုင်ပါတယ်။
- ဒီမိုကရေစီဖြစ်စဉ်တွေမှာ ဘယ်လောက်အထိ စိတ်ပါဝင်စားသလဲဆိုတာကို မဲပေးခြင်းအားဖြင့် ပြသနိုင်ပါတယ်။
- နိုင်ငံသားအခွင့်အရေးတွေကို ကောင်းကောင်းနားလည်ပြီး လက်တွေ့ကျကျလည်း ကျင့်သုံးရာရောက်ပါတယ်။
- နိုင်ငံတော်၏ အချုပ်အခြာအာဏာကို သာမန်ပြည်သူကသာ ပိုင်ဆိုင်တယ်ဆိုတာကို သက်သေပြရာ ရောက်ပါတယ်။

ဒါပေမယ့် ရွေးကောက်ပွဲတွေကို ကျင်းပတာဟာ ဒီမိုကရေစီစနစ်ကို တည်ဆောက်ကြတဲ့နေရာမှာ တစ်ခုတည်းသော နည်းလမ်းတော့ မဟုတ်ပါဘူး။ တိုင်းပြည်မှာ ရွေးကောက်ပွဲတွေ ပုံမှန်ကျင်းပရုံလောက်နှင့်တော့ အဲဒီလိုတိုင်းပြည်ကို ဒီမိုကရေစီနိုင်ငံဖြစ်ပြီလို့ သတ်မှတ်လို့ မရနိုင်သေးပါဘူး။ ဘာကြောင့်လဲဆိုတော့ အာဏာရှင်နိုင်ငံတွေမှာလည်း ဟန်ပြရွေးကောက်ပွဲတွေ ရှိနေတတ်လို့ပါပဲ။ နောက်ပြီး အာဏာရှင်ဆန်တဲ့ လူတွေကလည်း မသမာတဲ့ နည်းလမ်းတွေကို အ

သုံးချပြီး ရွေးကောက်ပွဲတွေကနေ တဆင့်အာဏာရလာတတ်ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲတွေဟာ ဒီမိုကရေစီစနစ် ရှင်သန်စေဖို့အတွက် အရမ်းကို အရေးကြီးပါတယ်။ ရွေးကောက်ပွဲတွေကို ကျင်းပပြုလုပ်ကြတာဟာ ဒီမိုကရေစီစနစ်ကို တည်ဆောက်တဲ့နေရာမှာ ပထမဆုံးအနေနဲ့ လိုအပ်သောအဆင့်တစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲတွေကို အလွဲသုံးစားလုပ်တာတွေနဲ့ မစဉ်းစားမဆင်ခြင်ပဲ ပြီးစလွယ် မဲပေးတာတွေကြောင့် ဒီမိုကရေစီစနစ်လည်း ပျက်စီးဆုံးပါးသွားနိုင်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ မပေါ့လျော့ မပေါ့ဆဖို့နဲ့ တတ်သိနားလည်အောင်လို့ ကြိုးစားကြဖို့ လိုပါတယ်။

နိုင်ငံသားတိုင်း ဘယ်သူ့ကိုမျှ ကြောက်ရွံ့နေစရာမလိုပဲ သူတို့ကြိုက်နှစ်သက်တဲ့ လူပုဂ္ဂိုလ်တွေနဲ့ ပါတီကို လွတ်လွတ်လပ်လပ် မဲပေးနိုင်ပါတယ်။ ပါတီတွေနဲ့ ကိုယ်စားလှယ်တွေကလည်း မဲဆန္ဒရှင်တွေ၏ ထောက်ခံမှုကို ရရှိအောင် မျှမျှတတနဲ့ သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကြရပါတယ်။ ပါတီတိုင်းကိုလည်း ညီမျှတဲ့ အခွင့်အရေးတွေနဲ့ မဲဆွယ်စည်းရုံးခွင့်တွေ ပေးထားရပါမယ်။ အစိုးရအနေနဲ့ကတော့ ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်ကိုမှ ဘက်လိုက်ပြီး မျက်နှာသာမပေးရပါဘူး။ ရွေးကောက်ပွဲတွေ ကျင်းပပြီးစီးသွားရင် ပြည်သူလူထု၏ ထောက်ခံမှုကို အများဆုံးရရှိခဲ့တဲ့ ပါတီနဲ့ကိုယ်စားလှယ်တွေက တိုင်းပြည်၏အာဏာကို ခဏတာ ကျင့်သုံးခွင့် ရသွားပါလိမ့်မယ်။ ကိုယ်မဲပေးခဲ့တဲ့ ကိုယ်စားလှယ်လောင်းက အရွေးချယ် မခံရတာမျိုးလည်း ဖြစ်တတ်ပါတယ်။

## ရွေးကောက်ပွဲရလဒ်၏ အရေးပါမှု

လွတ်လပ်ပြီး တရားမျှတဲ့ ရွေးကောက်ပွဲတွေကနေ ထွက်ပေါ်လာတဲ့ ရလဒ်တွေကို ပါတီတိုင်း၊ ကိုယ်စားလှယ်တိုင်းကလည်း ကြည်ကြည်ဖြူဖြူ လက်ခံနိုင်ရပါမယ်။ ပြည်သူတွေအနေနဲ့ တရားမျှတပြီး ဂုဏ်သိက္ခာရှိတဲ့ ရွေးကောက်ပွဲက ပေါ်ထွက်လာမယ့် ရလဒ်တွေကို သဘောထား ကြီးကြီးနဲ့ လက်ခံကြဖို့ လိုအပ်ပါတယ်။ ပြည်သူလူထု၏ ထောက်ခံမှုကို အများဆုံးရတဲ့ ပါတီနဲ့ ကိုယ်စားလှယ်တွေကိုလည်း အသိအမှတ်ပြုပြီး ငြိမ်းချမ်းစွာနဲ့ အာဏာလွှဲပေးဖို့ လိုပါတယ်။ အဲဒီလိုမှ မဟုတ်ရင် ပြည်သူလူထုက ရွေးကောက်ပွဲတွေအပေါ်မှာ စိတ်ပျက်လာကြပြီး ဒီမိုကရေစီစနစ်ကိုပါ အယုံအကြည် ကင်းမဲ့လာနိုင်ပါတယ်။ နောက်ဆုံးမှာတော့ လက်နက်ကိုင်ပုန်ကန်ကြတာတွေနဲ့ အကြမ်းဖက်ပြီး အစိုးရကို ဖြုတ်ချဖို့ ကြိုးစားတာတွေအထိ ဖြစ်ပွားလာနိုင်ပါတယ်။

ရွေးကောက်ပွဲ၏ ရလဒ်တွေကြောင့် လူ့အဖွဲ့အစည်းအတွင်းက ရရှိပြီးသားဖြစ်တဲ့ အေးချမ်းတည်ငြိမ်မှုနဲ့ လူမှုရေးသဟဇာတဖြစ်မှုတွေ ပျက်စီးသွားရတာမျိုး လုံးဝ မဖြစ်သင့်ပါဘူး။ ကိုယ်မဲပေးခဲ့တဲ့ ပါတီက မဟုတ်ပေမယ့်လို့ လူထုထောက်ခံမှုကို အများဆုံး ရရှိသွားတဲ့ အရွေးချယ်ခံ ကိုယ်စားလှယ်ဟာ ကိုယ့်မဲဆန္ဒနယ်နဲ့ ကိုယ့်၏ ကိုယ်စားလှယ်ပါပဲ။ အရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်မှာလည်း မဲဆန္ဒနယ်မြေတစ်ခုလုံးမှာရှိတဲ့ သူ့ကိုထောက်ခံသူတွေ အပါအဝင် တခြားကိုယ်စားလှယ်လောင်းတွေကို ထောက်ခံခဲ့ကြတဲ့သူတွေကိုရော အားလုံးကို ကိုယ်စားပြုရမယ့် တာဝန်ရှိပါတယ်။

## လွတ်လပ်သန့်ရှင်းပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ (Credible Elections)

ရွေးကောက်ပွဲတွေဟာ လွတ်လပ်သန့်ရှင်းပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ကလည်း အရမ်းကို အရေးကြီးပါတယ်။ ဒါမှလည်း ပြည်သူတွေ၏ စစ်မှန်တဲ့ ဆန္ဒသဘောထားတွေ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ လွတ်လပ်သန့်ရှင်းပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတစ်ခု ဖြစ်ဖို့အတွက်ဆိုရင် ပြည့်စုံရမယ့် အခြေခံလိုအပ်ချက်တွေနှင့် စံနှုန်းသတ်မှတ်ချက်တွေရှိပါတယ်။ အဲဒါတွေကတော့......

- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်တွေဟာ တရားမျှတမှုရှိရပါမယ်။
- ရွေးကောက်ပွဲကော်မရှင်ဟာလည်း အာဏာရပါတီနှင့် အစိုးရအဖွဲ့၏ ဩဇာလွှမ်းမိုးမှုတွေကနေ လွတ်ကင်းပြီး နိုင်ငံရေးအရ ဘက်လိုက်မှုတွေလည်း ကင်းရှင်းရပါမယ်။
- ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်တွေကို အများက ယုံကြည်ကိုးစားရတဲ့ လူတွေနှင့် ဖွဲ့စည်းထားရပါမယ်။
- အရွယ်ရောက်ပြီးတဲ့သူတိုင်း ကျား၊ မ မရွေး တန်းတူညီမျှမဲပေးပိုင်ခွင့်ရှိရပါမယ်။
- မှန်ကန်တိကျမှုရှိသော မဲစာရင်းများကို ထားရှိရပါမယ်။
- ခြိမ်းခြောက်မှုတွေ၊ ကန့်သတ်ချုပ်ချယ်မှုတွေ မခံရဘဲ လုံလောက်တဲ့ မဲဆွယ်စည်းရုံးခွင့်၊ ရန်ပုံငွေရှာဖွေခွင့်၊ လူထုအစည်းအဝေး ကျင်းပခွင့်တွေကို နိုင်ငံရေးပါတီတိုင်း ရရှိရပါမယ်။
- ပါတီတိုင်းက ပြည်သူပိုင်သတင်းစာ၊ တီဗွီ၊ ရေဒီယိုလိုင်းတွေကို ညီတူညီမျှ အသုံးပြုခွင့်ရှိရပါမယ်။
- ပြည်သူပိုင် ဘဏ္ဍာငွေကြေး၊ အဆောက်အဦနှင့် ဌာနဆိုင်ရာ လုပ်ပိုင်ခွင့်တွေကို အလွဲသုံးစားလုပ်ပြီး ပါတီတစ်ခုတည်းကို မျက်နှာသာပေးတာမျိုး မလုပ်ရပါဘူး။
- လွတ်လပ်စွာမဲပေးခြင်းကို လုပ်ဆောင်သည့်အတွက် အကြမ်းဖက်ခံရခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ အပြစ်ဒဏ်ပေးခံရခြင်းတို့ကို ကြောက်ရွံ့နေစရာ မရှိအောင် ဥပဒေဖြင့် အခိုင်အမာအကာအကွယ်ပေးရမည်။
- မဲဆန္ဒရှင်တွေ ဘေးကင်းလုံခြုံစွာနှင့် မဲပေးနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ထားရပါမယ်။
- မဲဆန္ဒရှင်တွေက ကိုယ်စားလှယ်လောင်းတွေ၊ ပါတီတွေနှင့်ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို သိရှိခွင့်ရဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်တွေနှင့် မဲပေးပုံပေးနည်းတွေကိုလည်း ကောင်းကောင်း သိနားလည်နေရပါမယ်။
- ရွေးကောက်ပွဲနှင့် ပတ်သက်တဲ့ လုပ်ငန်းတွေအားလုံးကို ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ဆောင်ကြရပါမယ်။
- ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်နှင့် မဲရုံမှူးတွေကို ဘယ်လိုပုံစံနှင့် ရွေးချယ်ပြီး တာဝန်ပေးကြသလဲ ဆိုတာကိုလည်း သိရှိကြရပါမယ်။
- နိုင်ငံတကာနှင့် ပြည်တွင်းစောင့်ကြည့်လေ့လာသူတွေက မဲပေးမှုဖြစ်စဉ် အစအဆုံးကို လွတ်လပ်စွာ စောင့်ကြည့်ခွင့် ရှိရပါမယ်။ မဲတွေကို ရေတွက်ကြတဲ့ အခါမှာလည်း ကိုယ်တိုင်ကိုယ်ကျ စောင့်ကြည့်ခွင့် ရရှိရပါမယ်။

- ရွေးကောက်ပွဲနှင့် ပတ်သက်တဲ့ မဲမသမာမှုတွေ၊ ရာဇဝတ်မှုတွေနှင့် အငြင်းပွားမှုတွေကို အရေးယူဖြေရှင်းဆောင်ရွက်ပေးမယ့် ခိုင်မာတဲ့ ဥပဒေမူဘောင်တွေနဲ့ ဘက်လိုက်မှုကင်းတဲ့ တရားရုံးတွေ၊ ရွေးကောက်ပွဲခုံရုံးတွေလည်း ရှိဖို့လိုအပ်ပါတယ်။

အဲဒီအချက်တွေနဲ့  ပြည့်စုံတယ်ဆိုရင်တော့ လွတ်လပ်သန့်ရှင်းပြီး ဂုဏ်သိက္ခာရှိတဲ့ ရွေးကောက်ပွဲတစ်ခု ဖြစ်တယ်ဆိုပြီး ပြည်သူတွေကသာမက နိုင်ငံရေးပါတီတွေကရော နိုင်ငံတကာကပါ သတ်မှတ်ကြမှာ ဖြစ်ပါတယ်။

# အခန်း (၃)

## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း (Election Monitoring)

ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာခြင်းဆိုသည်မှာ စောင့်ကြည့်လေ့လာသူများက အောက်ပါရွေးကောက်ပွဲဆိုင်ရာ ဖြစ်စဉ်များကို စနစ်တကျနှင့် အချိန်ဆက်တိုက် စောင့်ကြည့်ကာ လေ့လာဆန်းစစ်မှုများ ပြုလုပ်ခြင်းပင်ဖြစ်သည်။

၁။ ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်များကို ရေးဆွဲပြဋ္ဌာန်းခြင်း။

၂။ မဲဆန္ဒရှင်များကို မဲစာရင်းထည့်သွင်း၍ မဲစာရင်းများကို ပြုစုခြင်း။

၃။ မဲပေးခြင်း။

၄။ မဲရလဒ်များနှင့် ရွေးကောက်ပွဲများ၏ရလဒ် အနိုင်/အရှုံးများအား ကြေငြာခြင်း။

၅။ သတင်းမီဒီယာများ၏ ရေးသားပြောဆိုမှုများ။

၆။ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများနှင့် အပြန်အလှန်တိုင်တန်းမှုများကို ဖြေရှင်းမှုများ၊ အဆုံးအဖြတ်ပေးမှုများ။

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း၏ အရေးပါမှု

- ရွေးကောက်ပွဲဖြစ်စဉ်များကို ပိုမိုပြီးတရားမျှတစေသည်။
- ရွေးကောက်ပွဲဖြစ်စဉ်များတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ပြီး ဆောင်ရွက်မှု၏ အရေးပါမှုကို ပြည်သူလူထုအား သိရှိစေပါသည်။
- မဲဆန္ဒပေးရွေးချယ်မှုကို လေးစားတန်ဖိုးထားကြောင်း ပြည်သူလူထုအား သိရှိစေပါသည်။
- ရွေးကောက်ပွဲများအပေါ် ထားရှိသည့် ပြည်သူလူထု၏ ယုံကြည်မှုကို မြှင့်တင်ပေးနိုင်သည်။
- ရွေးကောက်ပွဲမတိုင်မီ စောင့်ကြည့်လေ့လာသူများက ပြုလုပ်လေ့ရှိသည့် သတင်းစာရှင်းလင်းပွဲများနှင့် သတင်းထုတ်ပြန်မှုများကလည်း အဆိုပါယုံကြည်မှုကို ထပ်မံတိုးပွားစေသည်။
- ရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ပတ်သက်ပြီး ထုတ်ပြန်သော လေ့လာတွေ့ရှိချက်များသည် ရွေးကောက်ပွဲဖြစ်စဉ်၏ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာရှိမှုတို့ကို တိုးမြှင့်စေနိုင်သည်။ မူဝါဒပိုင်းဆိုင်ရာ လွှမ်းမိုးမှုများကိုလည်း ဖြစ်စေနိုင်သည်။
- ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အစိုးရတာဝန်ရှိသူများ၊ ပြိုင်ဘက်ပါတီများ၊ မဲရုံတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖောက်ဖျက်ကျူးလွန်နိုင်သည့် မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုများကို လျော့နည်းသွားအောင် ဆောင်ရွက်နိုင်သည်။
- ကြိုတင်ကြံစည်ထားသည့် ကျူးလွန်မှုများကို လုံးဝမဖြစ်အောင် တားဆီးမှုများ မလုပ်နိုင်ပေမယ့် ပြည်သူများ သိရှိလာအောင် ဖော်ထုတ်တင်ပြနိုင်သည်။

- ရွေးကောက်ပွဲအပြီးတွင် ထုတ်ပြန်လေ့ရှိသော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ ထုတ်ပြန်ချက်များသည် ရွေးကောက်ပွဲတစ်ခု၏ တရားမျှတမှုနှင့် တရားဝင်မှုများ အပေါ် သက်ရောက်မှုများ ရှိသည်။
- ကော်မရှင်၏ ရေတွက်မှုများနှင့်အပြိုင် မဲရုံတစ်ရုံချင်းစီက ရရှိလာသော မဲရလဒ်များကို စာရင်းအင်းနည်းပညာကို သုံးပြီး စုပေါင်းရေတွက်မှုများသည် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သော မဲလာပေးသည့် မဲဆန္ဒရှင်အရေအတွက်နှင့် အနိုင်အရှုံးရလဒ်များ၏ ခိုင်လုံမှုနှင့် စိတ်ချယုံကြည်ရမှုတို့ကို စိစစ်နိုင်သည်။

## စောင့်ကြည့်လေ့လာသူများ၏ အခန်းကဏ္ဍ

စောင့်ကြည့်လေ့လာသူတွေ ရှိနေရုံလောက်နဲ့တော့ ကြိုတင်ပြီး အသေအချာ ကြံစည်ထားတဲ့ မဲမသမာမှုတွေ၊ ခြိမ်းခြောက်ပြီး မဲပေးခိုင်းတာတွေနဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ အကြမ်းဖက်မှုတွေ လုံးဝကင်းမဲ့ပြီလို့ မဆိုနိုင်သေးပါ။ ဘာကြောင့်လဲဆိုတော့ အဲဒီလို ဥပဒေမဲ့ ဖောက်ဖျက်ကျူးလွန်မှုတွေကို အာဏာပိုင်အဖွဲ့အစည်းတွေ၊ ရွေးကောက်ပွဲ တာဝန်ရှိသူတွေ၊ လုံခြုံရေးတာဝန်ရှိသူတွေနဲ့ နိုင်ငံရေးပါတီတွေ ကိုယ်တိုင်က ကြိုတင်အကွက်ချပြီး ကျူးလွန်နိုင်လို့ပါပဲ။ စောင့်ကြည့်လေ့လာသူတွေအနေနဲ့ အဲဒီလို ကျူးလွန်မှုတွေကို မဖြစ်ပွားအောင်လို့ မတားဆီးနိုင်ပေမယ့် လျော့နည်းသွားအောင်လို့တော့ လုပ်ဆောင်နိုင်ပါတယ်။ နောက်ပြီး အဲဒီလို ရွေးကောက်ပွဲမသမာမှုတွေကို အများပြည်သူတွေ သိအောင်လို့ ဖော်ထုတ်တင်ပြနိုင်ပါတယ်။

စောင့်ကြည့်လေ့လာသူများက ရွေးကောက်ပွဲတွေ သန့်ရှင်းဖို့၊ လွတ်လပ်ဖို့နဲ့ တရားမျှတဖို့အတွက် လုပ်ဆောင်ကြတဲ့နေရာမှာ အဖက်ဖက်ကနေ အကူအညီတွေပေးကြပါတယ်။ ရွေးကောက်ပွဲအပြီးမှာ ထုတ်ပြန်တဲ့ စောင့်ကြည့်လေ့လာသူတွေရဲ့ အကြံပြုတာတွေ၊ သုံးသပ်တာတွေနဲ့ တိကျခိုင်လုံသည့် သတင်းအချက်အလက်များအပေါ် အခြေခံပြီး ထောက်ပြ ဝေဖန်တာတွေဟာ နောင်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွေ တရားမျှတသန့်ရှင်းဖို့အတွက် အထောက်အကူ ဖြစ်စေပါတယ်။

ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးစ(သို့) အသွင်ကူးပြောင်းစ နိုင်ငံတွေရဲ့ ရွေးကောက်ပွဲတွေဟာ လွတ်လပ်ပြီး တရားမျှတဖို့ဆိုတာ အလွယ်တကူ မဖြစ်နိုင်ပါဘူး။ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ အသိပညာပေးမှုတွေကို လုပ်ဆောင်ကြမယ့် အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ လိုအပ်ပါတယ်။ ဒါ့အပြင် မဲဆန္ဒရှင်စာရင်းပြုစုတာ မှန်ကန်ပြည့်စုံမှု ရှိ မရှိ၊ မဲပေးတဲ့အခါ လွတ်လပ်မှု ရှိ မရှိ၊ မဲရေတွက်တဲ့အခါမှာ မှန်ကန်မှု ရှိ မရှိနဲ့ ရွေးကောက်ပွဲရလဒ်တွေ မှန်ကန်မှု ရှိ မရှိ စတဲ့ ရွေးကောက်ပွဲဖြစ်စဉ်တွေကို စောင့်ကြည့်လေ့လာကြမယ့် စောင့်ကြည့်လေ့လာသူတွေလည်း မရှိမဖြစ် လိုအပ်ပါတယ်။

ရွေးကောက်ပွဲဖြစ်စဉ်တွေကို စောင့်ကြည့်လေ့လာကြမယ့် စောင့်ကြည့်လေ့လာသူများမှာ

(၁) နိုင်ငံရေးပါတီများ၏ မဲရုံကိုယ်စားလှယ်များ

(၂) ပြည်တွင်းစောင့်ကြည့်လေ့လာသူများ

(၃) နိုင်ငံတကာက စောင့်ကြည့်လေ့လာတဲ့သူများ

(၄) သတင်းမီဒီယာသမားများဖြစ်ပါတယ်။

## (၁) နိုင်ငံရေးပါတီများ၏ မဲရုံကိုယ်စားလှယ်များ (Party Agents)

ပုံမှန်အားဖြင့် မဲပေးသည့်နေ့တွင် ပါတီတိုင်းလိုလိုက မဲရုံကိုယ်စားလှယ်များကို မဲရုံများသို့ စေလွှတ်ပြီး မဲပေးမှုကို စောင့်ကြည့်လေ့လာစေပါသည်။

မဲရုံများတွင် ပါတီကိုယ်စားလှယ်များရှိခြင်းသည် အောက်ပါကိစ္စရပ်များကို ဖြစ်စေနိုင်ပါသည်။

၁။ ရွေးကောက်ပွဲဆိုင်ရာ မသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုများကို ပါတီများမှ ချက်ချင်းသိရှိနိုင်သည်။

၂။ ပါတီများ၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ လုပ်ကိုင်နိုင်မှုစွမ်းရည်နှင့် စိတ်ဓါတ်မြင့်မားမှုကို ပြသရာရောက်သည်။

၃။ မဲလာပေးသည့် မဲဆန္ဒရှင်အရေအတွက်နှင့် ရွေးကောက်ပွဲ၏ ရလဒ်များကို ချက်ချင်း သိရှိနိုင်သည်။

၄။ ပါတီနှင့် ကိုယ်စားလှယ်လောင်းများ၏ အကျိုးစီးပွားများကို ကာကွယ်နိုင်သည်။

၅။ မဲရုံအတွင်းမှာ မဲဆန္ဒရှင်တွေ မဲပေးကြတာနဲ့ ပတ်သက်ပြီး ပြဿနာတွေ၊ ဆင်မပြေမှုတွေ ရှိတတ်ပါတယ်။ အဲဒီပြဿနာတွေနဲ့ ပတ်သက်ပြီး တွေ့ရှိတာတွေကို ပါတီ ကိုယ်စားလှယ်တွေက မဲရုံတာဝန်ရှိတဲ့သူတွေကို ချက်ချင်း တင်ပြနိုင်ပါတယ်။

ပါတီတွေကစေလွှတ်ထားတဲ့ မဲရုံကိုယ်စားလှယ်တွေရဲ့ တင်ပြချက်တွေဟာ သူတို့ပါတီ တစ်ခုတည်းရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့အတွက်ပဲ ဖြစ်နိုင်တာကိုတော့ သတိပြုသင့်ပါ တယ်။

## (၂) ပြည်တွင်းစောင့်ကြည့်လေ့လာသူများ (Domestic Observers)

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးတစ်ခု ဖြစ်ပေါ်စေရေးအတွက် မည်သည့်ပါတီဘက်မှ ဘက်မလိုက်သော၊ မည်သည့်ပါတီအတွက်မှ အလေးပေးပြီး ဆောင်ရွက်မှုမရှိသော စောင့်ကြည့်လေ့လာမည့် ပြည်တွင်းက အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ထိုအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ကြမည့် စေတနာ့ဝန်ထမ်း လုပ်အားပေးလူငယ်များ လိုအပ်လာပါသည်။ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များတွင် စိတ်ပါဝင်စားသော နိုင်ငံသားတစ်ဦးဖြစ်ပြီး အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်။

ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမည့်သူများသည်

- အသက်(၁၈)နှစ် ပြည့်ပြီးသည့် မြန်မာနိုင်ငံသားများ
- မဲပေးခွင့်ရရှိပြီးသောသူများ
- စောင့်ကြည့်လေ့လာရေး မှတ်တမ်းများကို မှန်ကန်စွာရေးသားနိုင်မည့် စာရေးစာဖတ်တတ်မြောက်သူများ
- ရွေးကောက်ပွဲကော်မရှင်နှင့် မိမိပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်းများမှ ချမှတ်ထားသော ဥပဒေများ၊ လမ်းညွှန်ချက်များ၊ ကျင့်ဝတ်များနှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာလိုစိတ်ရှိသူများ
- နိုင်ငံရေးပါတီ တစ်ခုခုတွင် ပါတီဝင်အဖြစ် ဆောင်ရွက်နေခြင်း မရှိသောသူများဖြစ်ရန် လိုအပ်ပါ သည်။

အချို့နိုင်ငံများ၏ သတ်မှတ်ချက်အရဆိုလျှင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့် လေ့လာမည့်သူများသည် စောင့်ကြည့်လေ့လာမည့် မဲဆန္ဒနယ်တွင် နေထိုင်သော မဲဆန္ဒရှင်တစ်ဦးဖြစ်ရန် လိုအပ်သည်။ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့် လေ့လာမည့်သူများသည် စောင့်ကြည့်လေ့လာမည့် မဲရုံတွင် မဲဆန္ဒပေးနိုင်သောသူ ဖြစ်မည်ဆိုလျှင် ထိုမဲရုံ၏ မဲရုံဖွဲ့စည်းပုံ အနေအထား၊ မဲရုံတာဝန်ရှိသူများ၏ စီမံခန့်ခွဲမှု၊ မဲပေး မှုစသည့် ဖြစ်စဉ်များကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့သိရှိနိုင်မှာဖြစ်ပါသည်။

စောင့်ကြည့်လေ့လာသူများကို စောင့်ကြည့်လေ့လာမှုပြုလုပ်သည့် အချိန်ကာလ အပေါ်မူတည်ပြီး

- ကာလရှည် စောင့်ကြည့်လေ့လာသူများနှင့်
- ကာလတို စောင့်ကြည့်လေ့လာသူများဆိုပြီး ခွဲခြားထားပါသည်။

ကာလရှည်စောင့်ကြည့်လေလာသူများသည်ကော်မရှင်မှရွေးကောက်ပွဲများကို စတင်ကျင်းပတော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည့် အချိန်မှစပြီး မဲစာရင်းများပြုစုခြင်း၊ ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းတင်သွင်းခြင်း၊ မဲဆွယ်စည်းရုံးရေးကာလ လှုပ်ရှားမှုများ အပါအဝင် ရွေးကောက်ပွဲရလဒ်များကို ထုတ်ပြန်ပြီး အရွေးချယ်ခံရသည့် ကိုယ်စားလှယ်၏ အမည်ကို တရားဝင်အသိအမှတ်ပြု ထုတ်ပြန်ကြေညာသည့် အချိန်အထိ ရွေးကောက်ပွဲ ဖြစ်စဉ်ကို စောင့်ကြည့် လေ့လာ ကြပါသည်။ ကာလတိုစောင့်ကြည့် လေလာသူများအနေနှင့် ရွေးကောက်ပွဲကျင်းပသည့်နေ့ တစ်နေ့တည်းတွင် မဲပေးမှုဖြစ်စဉ် အစအဆုံးကိုသာ စောင့်ကြည့်လေလာကြပါသည်။

ဘက်မလိုက်သော ပြည်တွင်း စောင့်ကြည့်လေ့လာသူများသည် အောက်ပါအကြောင်းများကြောင့် ပေါ် ပေါက်လာရတာဖြစ်ပါသည်။

- အငြိမ်းစား အစိုးရဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲ ဌာနဆိုင်ရာအစိုးရဝန်ထမ်းများ အများစုဖြင့် ဖွဲ့စည်းထားသော အသွင်ကူးပြောင်းစ နိုင်ငံများ၏ ရွေးကောက်ပွဲကော်မရှင်၊
- အာဏာရပါတီကို ဘက်လိုက်တက်သည့် အစိုးရ/အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများ၊
- မိမိပါတီ အာဏာရရှိရေးတစ်ခုတည်းကိုသာ အလေးထားပြီး ဆောင်ရွက်လေ့ရှိသော နိုင်ငံရေးပါတီများ၊
- တရားဥပဒေများကို လေးစားလိုက်နာမှု အားနည်းပြီး မိမိတို့အာဏာဆက်လက်တည်မြဲနိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းတက်ကြသော နိုင်ငံရေးခေါင်းဆောင်များ၊
- နိုင်ငံရေးပါတီ တစ်ပါတီတည်းကို အလေးပေးပြီး ဘက်လိုက်တတ်သော ရွေးကောက်ပွဲ တာဝန်ရှိသူများ၊
- အစိုးရ၏ မူဝါဒ၊ သဘောထားများကိုသာ ထင်ဟပ်ဖော်ပြလေ့ရှိသော အစိုးရပိုင် သတင်းမီဒီယာများနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ အားနည်းသေးသည့် ပုဂ္ဂလိကပိုင် သတင်းမီဒီယာများ၊

ပြည်တွင်း ရွေးကောက်ပွဲ စောင့်ကြည့်သူများသည် ရွေးကောက်ပွဲတွေနဲ့ ပတ်သက်ပြီး အသေအချာ သင်ကြားထားကြတဲ့ သာမန်နိုင်ငံသားတွေပင်ဖြစ်သည်။ သူတို့သည် ဘက်လိုက်မှု ကင်းကြရပြီး ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်ကိုမှ လည်း မျက်နှာသာ မပေးကြရပါ။ ဘက်မလိုက်သော ရွေးကောက်ပွဲ စောင့်ကြည့်သူတွေဆိုတာ ရွေးကောက်ပွဲမှာ ဘယ်သူတွေ အရွေးချယ်ခံကြရသလဲ ဆိုတာထက် ရွေးကောက်ပွဲတစ်ခုလုံးရဲ့ ဖြစ်စဉ်တွေကိုပဲ အလေးထားပြီး စောင့်ကြည့်လေ့လာကြသူတွေပဲဖြစ်ပါသည်။ သူတို့က ရွေးကောက်ပွဲမှာ မဲပေး နေကြတာတွေကို လေ့လာပြီး တွေ့ရှိချက်တွေဖြစ်တဲ့ အဆင်မပြေမှုတွေ၊ အားနည်းချက်တွေနဲ့ မသမာမှုတွေကို ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့သူတွေနဲ့ ပြည်သူလူထုကို တင်ပြ အစီရင်ခံမှုတွေ ပြုလုပ်ကြလေ့ရှိပါသည်။

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးသည် လူအများ၏ ယုံကြည်မှုကို အဓိကလိုအပ်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ရပ်ရွာအခြေပြု လူမှု့အဖွဲ့အစည်းများသည် မိမိတို့၏ ရပ်ရွာဒေသအတွင်း ပြည်သူလူထု၏ ယုံကြည်လေးစားမှုကို ရရှိထားပြီး ဖြစ်သည်။ စောင့်ကြည့် လ့လာရေးအဖွဲ့များ၏ ဆောင်ရွက်ချက်များကို ယုံကြည်မှုရှိမှသာလျှင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များက ထုတ်ပြန်သော လေ့လာတွေ့ရှိချက်များ အပေါ်တွင်လည်း ပြည်သူလူထုက ယုံကြည်အားထားမှုရှိမှာ ဖြစ်သည်။ စောင့်ကြည့်လေ့လာသူများ အနေနှင့်လည်း ရွေးကောက်ပွဲဆိုင်ရာ ဖြစ်စဉ်များတွင် ပိုမိုပြီး ထိထိရောက်ရောက်နှင့် ပါဝင်လုပ်ဆောင်လာနိုင်မှာဖြစ်ပါသည်။

ရွေးကောက်ပွဲများကို စောင့်ကြည့်လေ့လာရန် ရည်ရွယ်ထားသော ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများအနေနှင့် မိမိတို့စောင့်ကြည့်လေ့လာမည့် မဲဆန္ဒနယ်အတွင်း နေထိုင်ကြသော မဲဆန္ဒရှင်ပြည်သူများ၊ နယ်မြေဒေသ၏ သဘောသဘာဝကို အကျွမ်းတဝင် သိရှိနေဖို့ လိုအပ်ပါသည်။ သို့မှသာလျှင် စောင့်ကြည့်လေ့လာသူတစ်ယောက် လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများနှင့် တာဝန်များကို ပီပီပြင်ပြင်ဆောင် ရွက်နိုင်မှာဖြစ်ပါသည်။ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများအနေနှင့် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ခြင်းဖြင့်လည်း ရွေးကောက်ပွဲဆိုင်ရာ ဖြစ်စဉ်များတွင် ပါ ဝင်ဆောင်ရွက်နိုင်သည်။

- မဲစာရင်းများပြုစုခြင်းကို စောင့်ကြည့်လေ့လာခြင်း။
- မိမိတို့၏အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကို စိတ်ပါဝင်စားကြသည့် စေတနာ့ဝန်ထမ်း လုပ်အားပေးလူငယ်များကို စောင့်ကြည့်လေ့လာရေးနှင့် ပတ်သက်သော သင်တန်းများပေးခြင်း။
- ဒေသတွင်း လုပ်ဆောင်မည့် စောင့်ကြည့်လေ့လာရေးအတွက် လိုအပ်သော မဟာဗျူဟာနှင့် နည်းလမ်းများကို ကြိုတင်ပြီး ချမှတ်ထားခြင်း။
- မဲစာရင်း သွားကြည့်ကြဖို့နဲ့ မဲသွားပေးကြဖို့ ပြည်သူလူထုကို လှုံ့ဆော်တိုက်တွန်းခြင်း။
- မဲပေးခြင်းနှင့် ပတ်သက်သော အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း။
- မဲပေးဖို့အတွက် အခက်အခဲရှိသော စာမတတ်သူတွေနဲ့ သက်ကြီးရွယ်အို မသန်မစွမ်းတွေကို မဲပေးတဲ့နေရာမှာ အကူအညီများပေးခြင်း။

## (၃) နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများ (International Observers)

နိုင်ငံတကာက အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေလည်း ရွေးကောက်ပွဲတွေကို စောင့်ကြည့်လေ့လာကြပါတယ်။ အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေအပြင်

- သံတမန်များ၊
- ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊
- နိုင်ငံတကာမှ ရွေးကောက်ပွဲကျင်းပရေး အဖွဲ့အစည်းများ၊ ကော်မရှင်များမှ ကိုယ်စားလှယ်များ၊
- ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း လာရောက်ပြီး လေ့လာကြလေ့ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေ အနေနှင့်ကလည်း ဘက်လိုက်ပြီး ဆောင်ရွက်မှုတွေ ကင်းရှင်းရပါတယ်။

သို့သော် နိုင်ငံတကာသံတမန်များသည် ရွေးကောက်ပွဲကော်မရှင်က တရားဝင် ဖိတ်ကြားခံရမှသာလျှင် လာရောက်ပြီး စောင့်ကြည့်လေ့လာခွင့်ကို ရကြတာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည်လည်း ကြိုတင်ပြီး နှစ်ဘက်သဘောတူ သတ်မှတ်ထားကြသော ဒေသများတွင်သာ စောင့်ကြည့်လေ့လာခွင့်ရသည့်အတွက် အကန့်အသတ်များစွာရှိပါသည်။ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲများကို စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်း စောင့်ကြည့်လေ့လာရေးအဖွဲ့များကဲ့သို့ ရပ်တည်မှု အနေအထားမျိုးကိုလည်း မရရှိနိုင်ပါ။ ရွေးကောက်ပွဲကျင်းပတဲ့ နေ့ပြီးရင် သူတို့ကလည်း သူတို့တွေရဲ့ လေ့လာတွေ့ ရှိမှုတွေကို သတင်းထုတ်ပြန်တာတွေ လုပ်တတ်ကြပါတယ်။

## (၄) သတင်းမီဒီယာသမားများ (Media)

သတင်းမီဒီယာများအနေနှင့် ရွေးကောက်ပွဲအကြို မဲဆန္ဒရှင်များ၏ သဘောထား လေ့လာချက်များ၊ ပါတီများ၏ စည်းရုံးရေးကာလ လှုပ်ရှားမှုများကို သတင်းဖော်ပြမှုများ လုပ်ဆောင်နိုင်သည်။ ရွေးကောက်ပွဲ ကျင်းပတဲ့နေ့မှာလည်း မဲရုံ တွေမှာ မဲနေကြပေးတာကို စောင့်ကြည့်ပြီး ထူးခြားတဲ့ သတင်းတွေကို ရယူကြမှာ ဖြစ်ပါသည်။ ရွေးကောက်ပွဲ၏ နောက် ဆုံးရလာဒ်များကို တင်ပြခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အပြန်အလှန်စွပ်စွဲမှုများနှင့် မဲမသမာမှုများကို စုံစမ်းထောက်လှမ်းပြီး ဖော်ထုတ်ရေးသားမှုများကိုလည်း လုပ်ဆောင်လေ့ရှိသည်။ သို့သော် အဆိုပါလုပ်ဆောင်ချက်များကို လွတ်လပ်သော သတင်းမီဒီယာများရှိသည့် နိုင်ငံမျိုးတွေမှာသာ လုပ်ဆောင်နိုင်ပါမည်။

သတင်းမီဒီယာများ၏ ခိုင်လုံမှုမရှိသေးသည့် သတင်းများကို ထုတ်လွှင့်ခြင်း၊ တဖက်သက်ပြောဆိုချက်များကို တင်ပြခြင်း၊ အတည်မပြုရသေးသည့် ပြဿနာများကို ပုံကြီးချဲ့ ရေးသားတင်ပြခြင်း၊ ပါတီတစ်ခုတည်းအတွက် ဘက်လိုက်ပြီး ရေးသားခြင်းများကြောင့်လည်း ပြဿနာများ ပိုမိုကြီးထွားလာနိုင်ပြီး ရွေးကောက်ပွဲဖြစ်စဉ်အပေါ် ထိခိုက်မှုများ ရှိလာနိုင်ပါသည်။

ရွေးကောက်ပွဲမတိုင်မီကာလအတွင်း စောင့်ကြည့်လေ့လာခြင်း (Pre-Election Monitoring)

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ဥပဒေမူဘောင်များသည် ဘက်မလိုက်သော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှုများ တရားဝင်လုပ်ဆောင်လို့ ဖြစ်နိုင်ချေ ရှိ/မရှိကို အဆုံးအဖြတ်ပေးသည်။ တနည်းအားဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များသည် လွတ် လပ်တရားမျှတပြီး ယုံကြည်ရသော ရွေးကောက်ပွဲ၏ ဖြစ်စဉ်များကို လွှမ်းမိုးမှုရှိသည့် ပထမဆုံးသော အဆင့်တစ်ဆင့်ပင်ဖြစ်သည်။ နိုင်ငံရေး ပါတီတစ်ခုတည်းက လွှတ်တော်များတွင် ကြီးစိုးထားပြီး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များကို လူမသိသူမသိ ချမှတ်နေလျှင် ယုံကြည်ရသော ရွေးကောက်ပွဲများ ဖြစ်ပေါ်လာမည် မဟုတ်ပါ။

ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များကို ပွင့်လင်းမြင်သာမှုမရှိသော ဖြစ်စဉ်ဖြင့် ရေးဆွဲပြီး ရုတ်တရက် အချိန်ကပ်ပြီးမှ ထုတ်ပြန်ခြင်းသည်လည်း ရွေးကောက်ပွဲ၏ အခြေခံကောင်းများကို ပျက်စီးစေပြီး ရွေးကောက်တင်မြှောက်ခြင်းခံရသူများ၏ တရားဝင်မှုများကိုပါ ကျဆင်းစေပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲမတိုင်မီ စောင့်ကြည့်လေ့လာမှုများသည် ရွေးကောက်ပွဲနေ့တွင် ဆောင်ရွက်မည့် စောင့်ကြည့်လေ့လာမှုများလိုပင် အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ရွေးကောက်ပွဲအကြို စောင့်ကြည့်လေ့လာမှုများသည် ရွေးကောက်ပွဲ၏ အခြေခံကောင်းများကို ချမှတ်ပေးနိုင်သည့် အတွက်ကြောင့်ဖြစ်သည်။

အောက်ပါကိစ္စရပ်များကို ရွေးကောက်ပွဲမတိုင်မီ ဆောင်ရွက်ခြင်းဖြင့် လွတ်လပ်တရားမျှတပြီး ယုံကြည်ရသော ရွေးကောက်ပွဲများ၏ အခြေခံများကို ချမှတ်နိုင်သည်။

- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များ ရေးဆွဲရာတွင် ပါဝင်ပြီး ဆွေးနွေးအကြံပြုခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ဥပဒေမူဘောင်များတွင် ပါဝင်မည့်အချက်များကို လွှမ်းမိုးနိုင်သည်။
- ဥပဒေပြုလွှတ်တော်များကပြဋ္ဌာန်းသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များနှင့် ရွေးကောက်ပွဲကော်မရှင်မှ ချမှတ်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ထုတ်ပြန်သော စည်းကမ်းချက်များကို တရားမျှတမှု ရှိ/မရှိ ဆန်းစစ်နိုင်မည်။
- ရွေးကောက်ပွဲကော်မရှင်မှ လုပ်ဆောင်မည့် အောက်ပါကိစ္စများနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ကြိုတင်ပြီး လေ့လာခြင်းဖြင့်လည်း ရွေးကောက်ပွဲတစ်ခု၏ တရားမျှတမှု ရှိ/မရှိကို ကြိုတင်မှန်းဆနိုင်ပါသည်။

  ၁။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်ရှိသူများအား ရာထူးခန့်ထားမှု။

  ၂။ ပါတီများမှတ်ပုံတင်သည့် ဖြစ်စဉ်နှင့် မဲဆန္ဒရှင်စာရင်းများပြုစုပုံ။

  ၃။ ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများ၏ နာမည်စာရင်း တင်သွင်းခြင်းကို စီစစ်မှု။

  ၄။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို အသက်ဝင်လာအောင် ဆောင်ရွက်မှု။

  ၅။ ရွေးကောက်ပွဲခုံအဖွဲ့များက အငြင်းပွားမှုများနှင့် တိုင်ကြားမှုများကို ပြန်လည်သုံးသပ်ပြီး အဆုံးအဖြတ်ပေးမှု။

  ၆။ ရွေးကောက်ပွဲ၌ အနိုင်ရသည့် ကိုယ်စားလှယ်များအား အတည်ပြု ထုတ်ပြန်ကြေညာမည့်ပုံစံ။

- မဲဆွယ်စည်းရုံးရေးကာလအတွင်း နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ ဆောင်ရွက်မှုများ၊ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးလှုပ်ရှားမှုများနှင့် မူဝါဒပိုင်းဆိုင်ရာ ထုတ်ပြန်ကြေညာချက်များကို လေ့လာဆန်းစစ်နိုင်သည်။
- မဲဆွယ်စည်းရုံးရေး ကာလအတွင်း သတင်းမီဒီယာများ၏ ရေးသားဖော်ပြမှုများတွင် ပါတီတစ်ခုနှင့် ကိုယ်စားလှယ်လောင်းများနဲ့ ပတ်သက်ပြီး ဘက်လိုက်ရေးသားမှု ရှိ/ မရှိကို လေ့လာနိုင်သည်။
- လက်ရှိအာဏာရနေသည့် အစိုးရနှင့် အစိုးရပိုင်သတင်းမီဒီယာများ၏ လုပ်ဆောင်ချက်များကို စောင့်ကြည့်လေ့လာခြင်းပြုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်၏ ငွေကြေးများ၊ အခြား အရင်းအမြစ်များနှင့် ဌာနဆိုင်ရာ လုပ်ပိုင်ခွင့်များ အသုံးပြုပြီး မဲဆန္ဒရှင်များကို စည်းရုံးသိမ်းသွင်းကာ ရွေးကောက်ပွဲရလဒ်များကို စိတ်ကြိုက် ဖန်တီးနိုင်သည့်အတွက်ကြောင့် ဖြစ်သည်။
- မဲပေးခြင်း၊ မဲများရေတွက်ခြင်းဖြစ်စဉ်နှင့် ရေတွက်ပြီးသောမဲများကို စာရင်းသွင်းခြင်းတို့ကို စောင့်ကြည့်ခြင်းသည် စောင့်ကြည့်လေ့လာရေး၏ အဓိကအစိတ်အပိုင်း ဖြစ်သောကြောင့် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် များပြားလှသော စောင့်ကြည့်လေ့လာသူများအား တာဝန်ခွဲဝေပေးမည့်အစီအစဉ်ကို ကြိုတင်ပြီး ပြင်ဆင်ထားနိုင်သည်။
- လုပ်ဆောင်မည့် စောင့်ကြည့်လေ့လာရေးအစီအစဉ်ကို နယ်မြေဒေသ၏ လုံခြုံရေးအခြေအနေ၊ အဖွဲ့အစည်း၏ လူအင်အား၊ လမ်းပန်းဆက်သွယ်ရေးနှင့် ငွေကြေးတောင့်တင်းမှုအပေါ် မူတည်ပြီး ကြိုတင်စဉ်းစားရေးဆွဲထားနိုင်သည်။
- ရရှိလာသော အချက်အလက်ပေါင်းများစွာကို ကိုင်တွယ်ဆောင်ရွက်မည့်သူများကို နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိအောင် ကြိုတင်လေ့ကျင့် သင်ကြားပေးထားပြီး ထိရောက်မှုရှိသည့် ဆက်သွယ်ရေးပုံစံများလည်း ကြိုတင်ဆောင်ရွက်ထားနိုင်သည်။

## စောင့်ကြည့်လေ့လာမှုကို တရားဝင်ဆောင်ရွက်ရာတွင် လိုအပ်သည့်အချက်များ

စောင့်ကြည့်လေ့လာမှုကို တရားဝင်ဆောင်ရွက်ရန်အတွက် စောင့်ကြည့်လေ့လာမည့်သူသည် မဲရုံတွင် တာဝန်ထမ်းဆောင်နေသည့် မဲရုံမှူးအပါအဝင် မဲရုံတာဝန်ရှိသူများထံ မိမိစောင့်ကြည့်လေ့လာမည် ဖြစ်ကြောင်းကို သွားရောက်ပြီး အသိပေးပြောကြားရမည်။ ထိုသို့သတင်းပို့ရာ တွင် ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားသည့် တရားဝင်စောင့်ကြည့်ခွင့်ပြုသည့် စာရွက်စာတမ်း၊ စောင့်ကြည့်လေ့လာသူ အသိအမှတ်ပြုသက်သေခံပြားနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းများကိုလည်း တစ်ပါတည်း တင်ပြရမည်။

မဲရုံအတွင်းသို့ ဝင်ရောက်ပြီး စောင့်ကြည့်လေ့လာခွင့်ရရှိပါက မဲရုံမှူးအနေနှင့် ဝင်ရောက် စောင့်ကြည့်မည့် စောင့်ကြည့်လေ့လာသူ အရေအတွက်ကို အခြေအနေအပေါ်မူတည်ပြီး ကန့်သတ်မှုများကို ပြုလုပ်လာနိုင်သည်ကို သတိပြုရန်လိုသည်။ ဘက်မလိုက်သော ပြည်တွင်း စောင့်ကြည့်လေ့လာရေးအဖွဲ့တွင် ပါဝင်လုပ်ဆောင်ကြမည့်သူများသည်

ရွေးကောက်ပွဲများတွင် မိမိတို့ထောက်ခံသည့် နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်များကို မဲဆန္ဒပေးကြမည် ဖြစ်သော်လည်း စောင့်ကြည့်လေ့လာမှု ပြုလုပ်နေစဉ်အတွင်း အောက်ပါအချက်များကို သတိပြုပြီး လိုက်နာလုပ်ဆောင်ကြရမည်။

- မဲဆွယ်စည်းရုံးရေးကာလအတွင်း မည်သည့်ပါတီ၏ မဲဆွယ်လှုပ်ရှားမှုများတွင်မှ ပါဝင်ဆောင်ရွက်ခြင်းနှင့် ဝင်ရောက်မဲဆွယ်ပေးခြင်း မပြုလုပ်ရန်။
- စောင့်ကြည့်လေ့လာမှု ပြုလုပ်ရာတွင် မိမိပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်း၏ အမှတ်တံဆိပ်မှတပါး အခြားမည်သည့်အဖွဲ့၏ အမှတ်တံဆိပ်ကိုမှ ဝတ်ဆင်ခြင်း မပြုရန်။
- မဲရုံအတွင်းတွင် မဲဆန္ဒရှင်များ၏ လျှို့ဝှက်မဲပေးမှုနေကို အနှောက်အယှက်ဖြစ်စေမည့် ဝင်ရောက်လွှမ်းမိုးစွက်ဖက်မှုများကို မပြုလုပ်ရန်။
- မဲရုံတာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်မှုများကို အနှောက်အယှက်ဖြစ်စေမည့် စွက်ဖက်မှုများကိုလည်း မပြုလုပ်ရန်။
- မဲဆန္ဒရှင်များအား မည်သည့်ပါတီနှင့် ကိုယ်စားလှယ်လောင်းကို မဲပေးခဲ့သလဲဆိုတာကို မေးမြန်းခြင်းမျိုးမပြုလုပ်ရန်။
- သတင်းဌာနနှင့် မီဒီယာများအား မိမိမျက်မြင်မဟုတ်သည့် သတင်းများနှင့် သက်သေအထောက်အထား မခိုင်မာသေးသည့် သတင်းများကို ပြောဆိုခြင်း၊ မိမိတစ်ဦးတည်း၏ တွေ့ရှိချက်များအပေါ်တွင် မူတည်ပြီး ဖြစ်စဉ်တစ်ခုလုံးအပေါ် မှတ်ချက်ပေးပြောဆိုမှုများကို ရှောင်ကြဉ်ရန်။
- မိမိ၏ ဆောင်ရွက်မှုများနှင့် စောင့်ကြည့်လေ့လာမှု မှတ်တမ်းရေးသားမှုများသည် ပါတီတစ်ပါတီကို ဘက်လိုက်၍ မျက်နှာသာပေး ဆောင်ရွက်မှုမျိုး မဖြစ်စေရန်။
- လာရောက်တိုင်ကြားမှုများနှင့် တွေ့ရှိရသည့် ပြဿနာများတွင် ဝင်ရောက်ပြောဆိုမှုများနှင့် ဖြေရှင်းပေးမှုများရှောင်ကြဉ်ပြီး သတ်မှတ်ထားသည့် ထူးခြားဖြစ်စဉ် ပုံစံတွင်သာ ဖြစ်စဉ်အတိုင်း အချိန်၊ နေရာနှင့် လူနာမည်များကို တိတိကျကျ ရေးသားထားရန်။
- တွေ့ရှိချက်များကို မှတ်တမ်းတင်ရာတွင် သမာသမတ်ရှိမှု၊ တိကျမှု၊ တာဝန်ယူမှု အစရှိသည့် ကျင့်ဝတ်များနှင့်အညီ လုပ်ဆောင်ကြရန်။
- ရွေးကောက်ပွဲကော်မရှင်နှင့် မဲရုံမှူးများ၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကိုလည်း တိတိကျကျလိုက်နာရန်။
- မဲရုံတာဝန်ရှိသူများ၏ ခွင့်ပြုချက်မရဘဲ မဲပေးရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ မဲစာရွက်များ၊ စာရွက်စာတမ်းများနှင့် မဲရုံအတွင်းရှိ ဆက်စပ်ပစ္စည်းများကို ဝင်ရောက်ကိုင်တွယ်ခြင်း၊ မဲရုံ၏ပြင်ပသို့ ယူဆောင်သွားခြင်း၊ ဆုတ်ဖြဲခြင်း စသည်တို့ကို မပြုလုပ်ရန်။

## မဲပေးသည့်နေ့တွင် စောင့်ကြည့်လေ့လာခြင်း (Election Day Monitoring)

စောင့်ကြည့်လေ့လာရေးကို ပြုလုပ်မည့် အဖွဲ့အစည်းများအနေနှင့် နိုင်ငံတစ်ဝန်းရှိ မဲရုံတိုင်းကို စောင့်ကြည့်လေ့လာခြင်းနှင့် မဲရုံအချို့ကိုသာ ရွေးချယ်ပြီးစောင့်ကြည့် လေ့လာခြင်းစသည့် မဟာဗျူဟာနှစ်ခုအနက်မှ တစ်ခုကို ရွေးချယ်ရန် ဆုံးဖြတ်နိုင်သည်။ အသုံးပြုမည့် မဟာဗျူဟာကို မရွေးချယ်မီ စောင့်ကြည့်လေ့လာမည့် အဖွဲ့အစည်းများသည် မိမိစောင့်ကြည့်လေ့လာရေးပြုလုပ်မည့် မဲဆန္ဒနယ်၏ နယ်မြေဒေသ အနေအထား၊ လုံခြုံရေးအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး၊ နေထိုင်သည့် လူဦးရေ၊ ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီများနှင့် ကိုယ်စားလှယ်ဦးရေ၊ မဲဆန္ဒရှင်အရေအတွက်၊ မဲရုံအရေအတွက်နှင့် အချိန်ကာလ အသုံးပြုနိုင်မှု စသည်တို့ကို အသေအချာသိရှိပြီး ထည့်သွင်းစဥ်းစားထားဖို့လိုသည်။

## မဲရုံအချို့ကိုသာ စောင့်ကြည့်လေ့လာခြင်း (Partial Monitoring)

နိုင်ငံတစ်ဝန်းလုံးရှိ မဲရုံအားလုံးကို စောင့်ကြည့်လေ့လာရန် လူအင်အား၊ ငွေကြေးပြည့်စုံမှု မရှိသော စောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းများအနေဖြင့် မဲရုံများကို ရွေးချယ်ပြီး စောင့်ကြည့်လေ့လာသော နည်းလမ်းကို အသုံးပြုရမည်။ ထိုသို့စောင့်ကြည့် လေ့လာနိုင်ဖို့အတွက် စောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းများသည် စာရင်းအင်းပညာရပ်ကို သုံးပြီး စောင့်ကြည့်လေ့လာကြမည့် မဲဆန္ဒနယ်နှင့် မဲရုံများကို ကြိုတင်ပြီး စနစ်တကျ ရွေးချယ်ထားရမည်။ စာရင်းအင်းပညာဖြင့် ကျပန်းရွေးချယ်ပြီးသော မဲရုံများကို ရွေ့လျားစောင့်ကြည့် လေ့လာမှုပုံစံနှင့် မဲရုံတွင် အခြေချပြီး မဲပေးမှုဖြစ်စဉ် အစအဆုံးကို စောင့်ကြည့်လေ့လာမှုပုံစံ နှစ်ခုအနက်မှ ပုံစံတစ်ပုံစံကို ရွေးချယ်ပြီး အသုံးချနိုင်သည်။

## အခြေချ စောင့်ကြည့်လေ့လာမှုပုံစံ (Stationary Model)

စောင့်ကြည့်လေ့လာသူတစ်ဦး (သို့မဟုတ်) နှစ်ဦးဖြင့် ဖွဲ့စည်းထားသော အဖွဲ့ငယ်က မဲရုံတစ်ရုံတည်းတွင် မဲရုံဖွင့်သည့်အချိန်မှ မဲများရေတွက်ပြီး ရလာဒ်များကို ထုတ်ပြန် ကြေညာသည်အထိ မဲပေးမှုဖြစ်စဉ်များကို စောင့်ကြည့်လေ့လာခြင်းဖြစ်သည်။ စောင့်ကြည့်လေ့လာသူများသည် မဲရုံဖွင့်ခြင်း၊ မဲပေးခြင်း၊ မဲရုံပိတ်ခြင်း၊ မဲများကို ရေတွက်ခြင်းစသည့် မဲပေးမှုဖြစ်စဉ်ကို မည်သည့်နေရာကိုမှ ထွက်ခွာသွားခြင်းမရှိပဲ စောင့်ကြည့်လေ့လာခြင်းဖြစ်သဖြင့် ဖြစ်ပွားတတ်သည့် မဲမသမာမှုတွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်နိုင်ပါသည်။ ထို့အပြင် စောင့်ကြည့်လေ့လာသူများသည် မဲရုံတာဝန်ရှိသူများ၏ များပြားလှသည့် လုပ်ငန်းတာဝန်များကို ပိုမိုနားလည်လာပြီး အသေးအဖွဲ မှားယွင်းမှုများနှင့် ရွေးကောက်ပွဲရလာဒ်ကိုပါ အကြီးအကျယ်ထိခိုက်နိုင်သော မဲမသမာမှုများကိုလည်း ခွဲခြားပြီး သိမြင်လာမှာဖြစ်သည်။

အဆိုပါနည်းလမ်းတွင် အောက်ပါအားနည်းချက်များရှိပါသည်။

- ရွေးချယ်ပြီး စောင့်ကြည့်လေ့လာခဲ့သော မဲရုံများမှ သတင်းအချက်အလက်များကို ရာနှုန်းပြည့် အပြည့်အစုံ ရရှိမည်ဖြစ်သော်လည်း  မိမိတို့စောင့်ကြည့်လေ့လာမှု မပြုလုပ်ခဲ့သော မဲရုံများတွင် ဖြစ်ပျက်မှုများနှင့် သတင်းအ

ချက်အလက်များကိုမူ အနည်းငယ်လောက်သာ သိရှိမှု (သို့မဟုတ်) လုံးဝ သတင်းအချက်အလက် မရရှိမှု များဖြစ်နိုင်သည်။

- ထို့ကြောင့် စောင့်ကြည့်လေ့လာသူ မရှိသည့် မဲရုံများတွင် ဖြစ်ပွားလာနိုင်မည့် မဲမသမာမှုများအား ဟန့်တားနိုင်မှုကို အကန့်အသတ်ဖြစ်စေသည်။

## ရွေ့လျားစောင့်ကြည့်လေ့လာမှုပုံစံ (Mobile Team Model)

စောင့်ကြည့်လေ့လာမည့် အဖွဲ့အနေဖြင့် အဖွဲ့ငယ်များခွဲပြီး မဲပေးနေစဉ် ကာလအတွင်း မဲရုံတစ်ရုံမှ တစ်ရုံသို့ လှည့်လည်သွားရောက်ပြီး စောင့်ကြည့်လေ့လာခြင်းဖြစ်သည်။

အဆိုပါနည်းလမ်းတွင် အောက်ပါအားသာချက်များရှိပါသည်။

- ကျယ်ဝန်းသည့် နယ်မြေဒေသအတွင်းရှိ မဲရုံအမြောက်အများတွင် မဲဆန္ဒရှင်များ၏ မဲဆန္ဒပေးနေခြင်းကို စောင့်ကြည့်လေ့လာနိုင်သည်။
- စောင့်ကြည့်လေ့လာရေးအဖွဲ့ငယ်များ၏ သွားလာလှုပ်ရှားနိုင်မှုသည် မဲရုံတစ်ရုံမှ အခြားမဲရုံတစ်ရုံသို့ ကြိုတင်အသိပေး အကြောင်းကြားမှုမရှိဘဲ ချက်ချင်း သွားရောက်ပြီး လေ့လာနိုင်မှုကို ဖြစ်စေနိုင်သည်။
- စောင့်ကြည့်လေ့လာမှု ပြုလုပ်ခဲ့သည့် မဲရုံသို့လည်း အချိန်မရွေး ပြန်လည်သွားရောက်ပြီး စောင့်ကြည့်လေ့လာနိုင်သည့်အတွက် စောင့်ကြည့်လေ့လာသူများ အချိန်မရွေး ပြန်လည်လာရောက်ပြီး စောင့်ကြည့်လေ့လာနိုင်သည်ဆိုသော အသိကို မဲရုံတာဝန်ရှိသူများတွင် ဖြစ်ပေါ်စေပါသည်။
- မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များကို အသုံးပြုခြင်းဖြင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များအနေနှင့် အရေးကိစ္စများ ဖြစ်ပွားနေသော နေရာများသို့ အလျှင်အမြန်သွားပြီး စုံစမ်းမှုများကို ချက်ချင်းပြုလုပ်နိုင်ပါသည်။ ထို့အပြင် ချက်ချင်းတင်ပြရန် လိုအပ်သည့်သတင်းနှင့် အလျှင်အမြန် ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စရပ်များကိုလည်း မဲရုံမှူးများထက် လုပ်ပိုင်ခွင့်ပိုရှိသော ကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများထံ ချက်ချင်းအသိပေး အကြောင်းကြားနိုင်သည်။

## အားနည်းချက်များ

အဆိုပါနည်းလမ်းတွင်အောက်ပါ အားနည်းချက်များလည်းရှိသည်။

- စောင့်ကြည့်လေ့လာသူများသည် မဲရုံတစ်ရုံတည်းတွင် မဲရုံဖွင့်သည့်အချိန်မှစပြီး ရလဒ်များကြေညာသည့် အချိန်ထိ မဲပေးမှုဖြစ်စဉ် အစအဆုံးကို စောင့်ကြည့်လေ့လာမှု မပြုလုပ်နိုင်သည့်အတွက် ပြည့်စုံသော လေ့လာဆန်းစစ်မှုကို မရရှိနိုင်ပါ။ စောင့်ကြည့်လေ့လာသူများသည် ပြဿနာများ ဖြစ်ပွားနိုင်သည်ဟု ကြိုတင်ယူဆထားသည့် နယ်မြေများရှိ မဲရုံများကိုသာ ရုတ်တရက်သွားရောက်ပြီး ဖြစ်ပွားမှုများနှင့် ပြဿနာများကို ကင်မရာများ၊ အသံသွင်းကိရိယာများ အသုံးပြုပြီး မှတ်တမ်းတင်လေ့ရှိသောကြောင့် ဖြစ်သည်။

- မော်တော်ကားများ၊ ဆိုင်ကယ်များနှင့် မှတ်တမ်းတင်ကိရိယာများကို တွင်တွင်ကျယ်ကျယ် အသုံးပြုရသည့် အတွက် ငွေကြေးအကုန်အကျများပြီး အဖွဲ့တိုင်းအနေနဲ့ ကျင့်သုံးရန် မလွယ်ကူသော နည်းလမ်းတစ်ခုဖြစ်သည်။

# အခန်း (၄)

# လွှတ်တော်ကိုယ်စားလှယ်များ

(၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံမှာ ပြည်ထောင်စုအဆင့် ဥပဒေပြုလွှတ်တော် နှစ်ရပ်ရှိပါတယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်လို့ ခေါ်ဆိုကြပြီး လွှတ်တော်နှစ်ရပ်လုံးကို ပေါင်းပြီးတော့ ပြည်ထောင်စုလွှတ်တော်လို့လည်း ခေါ်ဆိုကြပါ တယ်။

ပြည်သူ့လွှတ်တော်မှာ ကိုယ်စားလှယ်ပေါင်း အယောက်(၄၄၀)ရှိပေမယ့်လို့ အမျိုးသားလွှတ်တော်မှာတော့ ကိုယ်စားလှယ်(၂၂၄)ယောက်ပဲ ရှိပါတယ်။ ဒါကြောင့် ပေါင်းလိုက်ရင် ပြည်ထောင်စုလွှတ်တော်မှာ ကိုယ်စားလှယ်စုစုပေါင်း(၆၆၄)ယောက် ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ သက်တမ်းကတော့ ငါးနှစ်ပဲ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်

ပြည်သူ့လွှတ်တော်ကို ကိုယ်စားလှယ် စုစုပေါင်းအယောက်(၄၄၀)နဲ့ ဖွဲ့စည်းထားပေမယ့် ပြည်သူတွေက ကိုယ်စားလှယ်(၃၃၀)အတွက်ပဲ မဲပေးပြီး ရွေးချယ်ခွင့် ရကြတာပါ။ ဘာကြောင့်လဲဆိုတော့ ကိုယ်စားလှယ်(၄၄၀)ရဲ့ (၂၅) ရာခိုင်နှုန်းဖြစ်တဲ့ ကိုယ်စားလှယ်အယောက်(၁၁၀)ကို ကာကွယ်ရေးဦးစီးချုပ်က စာရင်းတင်သွင်းထားတဲ့ တပ်မတော်သားကိုယ်စားလှယ်တွေက ရွေးကောက်ပွဲဝင်စရာ မလိုပဲ အလိုအလျောက် နေရာယူထားပြီး ဖြစ်လို့ပါပဲ။

မြန်မာနိုင်ငံရဲ့ မြို့နယ်တိုင်းကို မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ထားပြီး ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးချယ်ခွင့် ရှိကြပါတယ်။ ဒါကြောင့် မြို့နယ်တစ်မြို့နယ်တိုင်းအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးပဲရှိတယ်ဆိုတဲ့ သဘောပါပဲ။

## အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော်ကိုတော့ ကိုယ်စားလှယ်(၂၂၄)ယောက်နဲ့ ဖွဲ့စည်းထားပါတယ်။ (၂၅)ရာခိုင်နှုန်းဖြစ်တဲ့ တပ်မတော်သား ကိုယ်စားလှယ်(၅၆)ယောက်ကို ဖယ်ထုတ်လိုက်ရင် ကိုယ်စားလှယ်နေရာ (၁၆၈)နေရာအတွက်ပဲ ပြည်သူလူထုက ရွေးချယ်မဲပေးကြရမှာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ် တစ်ပြည်နယ်စီကို ကိုယ်စားလှယ် (၁၂)ယောက် အညီအမျှ သတ်မှတ်ပေးထားပါတယ်။

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်

ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်အပြင် မြို့နယ်တစ်မြို့နယ်ကို မဲဆန္ဒနယ် နှစ်နယ်အဖြစ် သတ်မှတ်ထားပြီး ကိုယ်စားလှယ်တစ်ယောက်စီ ရွေးကောက်တင်မြှောက်ခွင့်ရတဲ့ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွေလည်း

ရှိပါတယ်။ တိုင်းဒေသ/ပြည်နယ် ကြီးရင် ကြီးသလောက် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်တွေမှာ ကိုယ်စားလှယ် အရေအတွက်များပြီး သေးငယ်ရင်တော့ ကိုယ်စားလှယ်အရေအတွက် နည်းမှာပဲ ဖြစ်ပါတယ်။

ဒါကြောင့် သာမန်အားဖြင့်ဆိုရင် မဲဆန္ဒရှင်တစ်ယောက်ဟာ ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်ဖြစ်တဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လွှတ်တော်တွေအတွက် ကိုယ်စားလှယ် တွေကို မဲဆန္ဒပြုရွေးချယ်ကြရမှာ ဖြစ်ပါတယ်။

မဲဆန္ဒရှင်တစ်ယောက်ဟာ ပြည်နယ်အဆင့် အုပ်ချုပ်ခွင့်ရထားပြီးတဲ့ တိုင်းရင်းသား တစ်မျိုးမျိုးထဲက ဖြစ်ပြီး တခြားပြည်နယ်နဲ့ တိုင်းဒေသကြီးမှာ နေထိုင်နေတယ် (ဥပမာ ရန်ကုန်တိုင်းဒေသကြီးမှာ နေထိုင်ကြတဲ့ ရခိုင်နဲ့ ကရင် တိုင်းရင်းသားတွေ)။ လူဦးရေကလည်း တစ်နိုင်ငံလုံးမှာရှိတဲ့ လူဦးရေစုစုပေါင်းရဲ့ ၀.၁ရာခိုင်နှုန်း(လူဦးရေ ၅၁,၀၀၀နဲ့ အ ထက်)ရှိမယ် ဆိုရင် အဲဒီလို တိုင်းရင်းသားတွေက တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွေအတွက် တိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ထပ်မံပြီး ရွေးချယ်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလို တိုင်းရင်းသား မဲဆန္ဒ ရှင်တွေအနေနဲ့ကတော့ စုစုပေါင်း မဲလေးမျိုးတောင် ပေးကြရမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်တွေမှာလည်း ကာကွယ်ရေးဦးစီးချုပ်က စာရင်းတင်သွင်းထားတဲ့ တပ်မ တော်သား ကိုယ်စားလှယ်တွေ (၂၅)ရာခိုင်နှုန်း ပါဝင်ပါသေးတယ်။ အဲဒီ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်တွေရဲ့ ကိုယ်စားလှယ်တွေကတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တွေနဲ့ ပတ်သက်တဲ့ ဥပဒေတွေကိုပဲ ပြုလုပ်ပြဋ္ဌာန်း ကြရပါတယ်။

## သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့

မြန်မာနိုင်ငံ၏ အခြေခံဥပဒေအရ နိုင်ငံသားတွေဟာ နိုင်ငံတော်၏ အမြင့်ဆုံးရာထူးတွေဖြစ်တဲ့ သမ္မတနဲ့ ဒုတိယသမ္မတနှစ်ယောက်ကို မဲပေးပြီး တိုက်ရိုက် ရွေးချယ်ခွင့်ကို မရရှိပါဘူး။ နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့ကပဲ ရွေးချယ်ပြီး ခန့်အပ်ပါတယ်။ သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်နှစ်ရပ်စလုံးမှာ ပါဝင်သော လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး(စုစုပေါင်း ၆၆၄ဦး)နဲ့ ဖွဲ့စည်းထား ပါသည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အစုဖွဲ့နဲ့ လွှတ်တော်နှစ်ရပ် စ လုံးရှိ တပ်မတော်သား ကိုယ်စားလှယ်အစု အဖွဲ့တွေက တစ်စုကို သမ္မတလောင်းတစ်ယောက်စီ စုစုပေါင်း သမ္မတ လောင်း သုံးယောက်ကို အမည်စာရင်း တင်သွင်းရပါတယ်။

အဲဒီ သမ္မတလောင်း သုံးယောက်ထဲကမှ တစ်ယောက်ကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် အားလုံးပါ ဝင်တဲ့ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က သမ္မတအဖြစ် ဆန္ဒ မဲပေးပြီး ရွေးချယ်တင်မြှောက်ကြပါတယ်။ သမ္မတ အဖြစ် ရွေးချယ်တာကို မခံရတဲ့ ကျန်သမ္မတလောင်းနှစ်ဦးကိုတော့ ဒုတိယသမ္မတတွေအဖြစ် ခန့်အပ်ကြပါတယ်။

သမ္မတနဲ့ ဒုတိယသမ္မတတွေ၏ သက်တမ်းကတော့ ငါးနှစ်ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ဒေသဝန်ကြီး သုံးယောက်ကို ခန့်အပ်ဖို့ သမ္မတက ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ကို ရယူရပြီး ကျန်ရှိသော

- ပြည်ထောင်စု ဝန်ကြီးတွေ၊
- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊
- ပြည်ထောင်စု ရှေ့နေချုပ်၊
- ပြည်ထောင်စု တရားသူကြီးချုပ်၊
- အခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်သုံးဦးနဲ့
- ပြည်ထောင်စုစာရင်းစစ်ချုပ်တွေကို သမ္မတကပဲ ရွေးချယ်ပြီး ခန့်အပ်ပါတယ်။

ပြည်နယ်/တိုင်းဒေသကြီးတွေရဲ့ ဝန်ကြီးချုပ်တွေကိုလဲ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေက ရွေးချယ်ခွင့် မရကြဘဲ သမ္မတကပဲ တိုက်ရိုက်ခန့်အပ်တာ ဖြစ်ပါတယ်။ လွှတ်တော်များက အတည်ပြုပေးခြင်းကိုသာ ပြုလုပ်ရသည်။

## လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များ

လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့်လုပ်ငန်းဆောင်တာများကို ဥပဒေများဖြင့် အတိအကျ သတ်မှတ်ထားခြင်း မရှိသေးသော်လည်း ယေဘုယအားဖြင့် လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့

- တိုင်းပြည်နဲ့ လူထုအတွက် အကျိုးမရှိနိုင်တော့တဲ့ ဥပဒေအဟောင်းတွေကို ပြင်ဆင်တာ၊ ဖြည့်စွက်တာနဲ့ အပြီးဖျက်သိမ်းပစ်ပြီး သင့်တော်တဲ့ ဥပဒေအသစ်တွေကို ပြဋ္ဌာန်းရတဲ့ တာဝန်တွေကို ထမ်းဆောင်ကြရပါတယ်။
- ဒါ့အပြင် အစိုးရရဲ့လုပ်ဆောင်ချက်တွေနဲ့ အားနည်းချက်တွေကို ပြည်သူတွေရဲ့ကိုယ်စား မေးခွန်းထုတ်တာနဲ့ အဆိုပြုချက်တွေ တင်ပြတာတွေကိုလည်း လုပ်ဆောင်ကြရပါတယ်။

ဒါကြောင့် လွှတ်တော် ကိုယ်စားလှယ်ဆိုတာ နိုင်ငံသားတွေရဲ့ကိုယ်စား ဥပဒေတွေကို ပြုလုပ်ကြရတဲ့သူတွေပဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လွှတ်တော်အစည်းအဝေးတွေ ရပ်နားထားတဲ့ အချိန်တွေမှာ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေတွေကို သွားရောက်ပြီး မဲဆန္ဒနယ်၏ အခြေအနေ၊ ပြည်သူတွေ၏ လိုအပ်ချက်တွေကို သိရှိအောင် ဆောင်ရွက်ကြဖို့ တာဝန်ရှိပါတယ်။ နောက်ပြီး လွှတ်တော်အတွင်း ဆောင်ရွက်ခဲ့သမျှကို ပြည်သူလူထုထံ ပြန်လည်ပြီး ရှင်းလင်းတင်ပြကြရပါမယ်။ ပြည်သူလူထု၏ အကြံပြုတင်ပြချက်တွေကိုလည်း အရေးတယူပြု နားထောင်မှတ်သားထားပြီး လွှတ်တော်တွေမှာ ပြန်လည်တင်ပြပြီး အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်ပေးရမယ့် တာဝန်ရှိပါတယ်။ ဒါမှသာ ပြည်သူတွေနဲ့ ကင်းကွာမှုမရှိမှာ ဖြစ်ပါတယ်။

## လွှတ်တော်ကိုယ်စားလှယ် ရုပ်သိမ်းပွဲ(Recall)

ဥပဒေတွေကို ပြုလုပ်ပြဋ္ဌာန်းဖို့အတွက် လူထုကိုယ်စားလှယ်တွေကို ဆန္ဒမဲနဲ့ ရွေးချယ်စေလွှတ်တဲ့စနစ်ဟာ လက်ရှိစနစ်တွေထဲမှာတော့ အကောင်းဆုံးလို့ ဆိုရမှာပါ။ ဒါပေမယ့် တစ်ခါတလေမှာ ကိုယ်စားလှယ်တွေက လူထု၏ ဆန္ဒတွေကို လုံးဝပစ်ပယ်ပြီး ကိုယ်ကျိုးရှာမှု၊ မသမာမှု၊ အကောက်ကြံမှုတွေကြောင့် လူထုဆန္ဒနဲ့ ဆန့်ကျင်တဲ့ ဥပဒေတွေကို လူတစ်စု၏ အကျိုးစီးပွားအတွက် ပြဋ္ဌာန်းလေ့ရှိပါတယ်။ လူထုက မဲနဲ့တင်မြှောက်ထားတဲ့ ဥပဒေပြုအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်တွေက လူထုရဲ့ဆန္ဒအတိုင်း မဆောင်ရွက်နိုင်တော့ဘူးဆိုရင် ဒါမှမဟုတ် အပ်နှင်းထားတဲ့ အာဏာတွေကို အလွဲသုံးစားလုပ်နေတယ်ဆိုရင် အဲဒီ လွှတ်တော်ကိုယ်စားလှယ်ကို သက်တမ်းကုန်ဆုံးတဲ့ အချိန်ထိ စောင့်ဆိုင်းစရာမလိုပဲ ကိုယ်စားလှယ်အဖြစ်ကနေ ဖြုတ်ချပြီး အဲဒီသူ၏နေရာမှာ တခြားကိုယ်စားလှယ်အသစ်တွေနဲ့ အစားထိုးပြီး တာဝန်ပေးနိုင်ပါတယ်။

မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၉)၊ ရွေးကောက်တင်မြှောက်ခြင်း၊ ပုဒ်မ (၃၉၆)၊ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းမှာလည်း သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းကနေ တာဝန်မှ ပြန်လည်ရုတ်သိမ်းလိုတဲ့ ကိုယ်စားလှယ်နဲ့ ပတ်သက်တဲ့ တိုင်တန်းချက်ကို ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းကို လက်တွေ့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် နည်းဥပဒေများ ပြဋ္ဌာန်းထားခြင်း မရှိသေးပါ။

လူထုကိုယ်စားလှယ် ရုပ်သိမ်းပွဲထားရှိတာဟာ သာမန်လူထု၏လက်ထဲမှာ အာဏာအမြဲရှိနေအောင် ပြုလုပ်ထားခြင်းပဲ ဖြစ်ပါတယ်။ လူထုကိုယ်စားလှယ် ရုပ်သိမ်းပွဲတွေကို စနစ်တကျ ပြုလုပ်ခြင်းအားဖြင့် ကိုယ်စားလှယ်တွေ အာဏာအလွဲသုံးစား မပြုလုပ်နိုင်အောင် ကာကွယ်ရာမှာ အသုံးဝင်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်တွေက ထင်ရာမစိုးနိုင်တော့ပဲ လူထုခိုင်းစေရာကိုသာ လုပ်ကိုင်ဆောင်ရွက်ကြရပါတော့တယ်။

# အခန်း (၅)

## မဲဆွယ်စည်းရုံးခြင်း (Campaign)

ရွေးကောက်ပွဲတွေ မကျင်းပခင်မှာ ကိုယ်စားလှယ်လောင်းတွေက မဲဆန္ဒရှင်တွေကို တွေ့ဆုံပြီး သူတို့ကို မဲပေး ကြဖို့ စည်းရုံးဟောပြောခွင့်ရတဲ့ ရက်တွေကို မဲဆွယ်စည်းရုံးရေး ကာလလို့ ခေါ်ပါတယ်။ မဲဆွယ်စည်းရုံးခွင့်ပြုတဲ့ အချိန် ကာလအတွင်းမှာ ကိုယ်စားလှယ်လောင်းတွေက သူတို့ပါတီရဲ့ မူဝါဒ၊ သဘောထားနဲ့ ရှေ့လုပ်ငန်းစဉ်တွေကို ပြည်သူလူ ထုထံ ရှင်းလင်းတင်ပြကြပါတယ်။ လက်ကမ်းစာစောင်တွေ၊ ကြော်ငြာဆိုင်းဘုတ်တွေနဲ့လည်း မဲဆွယ်စည်းရုံးကြပါတယ်။

ဥပဒေနှင့်အညီ စိစစ်အတည်ပြု ကြေညာပြီးသော နိုင်ငံရေးပါတီ ကိုယ်စားပြု (သို့မဟုတ်) တစ်သီးပုဂ္ဂလိက လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲကျင်းပသည့် နေ့မတိုင်မီ ရက်ပေါင်း(၆၀)အလိုတွင် စတင်ပြီး မဲဆွယ်စည်းရုံးခွင့်ရှိသည်။ ရွေးကောက်ပွဲ ကျင်းပမည့်နေ့မတိုင်မီ တစ်ရက်(နံနက် ၆း၀၀)နာရီနောက်ပိုင်းတွင် မဲဆွယ် စည်းရုံးခွင့် မရှိတော့ပါ။

ကိုယ်စားလှယ်လောင်းများသည် အောက်ပါနည်းလမ်းများကို သုံး၍ မဲဆွယ်စည်းရုံးနိုင်သည်။

၁။ ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာတွင် စုဝေးဟောပြောခြင်း။

၂။ သတ်မှတ်နေရာများသို့ ယာဉ်များနှင့် လှည့်လည်၍ စုဝေးဟောပြောခြင်း။

၃။ မီဒီယာများမှတဆင့် ဟောပြောစည်းရုံးခြင်း။

၄။ ရေးသားပုံနှိပ် ထုတ်ဝေစည်းရုံးခြင်း။

စုဝေးဟောပြောခြင်းကို လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ် (သို့မဟုတ်) သက်ဆိုင်ရာပါတီ ကိုယ်စားလှယ်များ (သို့မဟုတ်) လွှတ်တော်ကိုယ်စားလှယ်က အခွင့်အာဏာ လွှဲအပ် ထားခြင်းခံရသူက ပြုလုပ်ခွင့်ရှိသည်။

စုဝေးဟောပြောခွင့်ကို လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာပြီးသည့်နေ့မှ (၁၅)ရက်အတွင်း အစီ အစဉ်နှင့်တကွ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲထံ လျှောက်ထားရမည်။ လျှောက်လွှာတွင် ပါဝင်ရမည့်အချက်များ

(၁) ပြုလုပ်လိုသည့်အချိန်

(၂) ပြုလုပ်လိုသည့်နေရာ

(၃) စတင်မည့်အချိန်

(၄) ပြီးဆုံးမည့်အချိန်

(၅) ဟောပြောမည့် ပုဂ္ဂိုလ်(သို့) ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ

(၆) လျှောက်ထားသူ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ

(၇) တားမြစ်ချက်များ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်နှင့် စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မည် ဖြစ် ကြောင်း ဝန်ခံချက်

(၈) ယာဉ်များဖြင့် စုဝေးဟောပြောရန်ဖြစ်ပါက သွားရောက်မည့် ခရီးစဉ်လမ်းကြောင်း၊ လှည့်လည်သွားရောက်မည့် ခန့်မှန်းအချိန်၊ ရပ်တန့်ဟောပြောမည့် နေရာ၊ ဟောပြောမှု စတင်မည့်အချိန်နှင့် ပြီးဆုံးမည့်အချိန်

အဆိုပါ ဟောပြောစည်းရုံးရေးကာလတွင် ကော်မရှင်သည်

- ခွင့်ပြုမည့် အများပြည်သူဆိုင်ရာ နေရာများကို သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့များနှင့် ကြိုတင်ညှိနှိုင်းထားရမည်။

သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးအဖွဲ့အစည်းများက

- စုဝေးဟောပြောပွဲကိုပျက်ပြားအောင်မပြုနိုင်စေရန်လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးရန် ညှိနှိုင်းဆောင်ရွက်ရမည်။ မဲဆွယ်စည်းရုံးရေး ကာ လအတွင်း နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ စည်းရုံးရေးတာဝန်ခံများ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံမှုရှိအောင် ဆောင်ရွက်ပေးထားကြရမည်။

မဲဆွယ်စည်းရုံးရေးအတွက် ဟောပြောရာတွင်ဖြစ်စေ၊ ရေးသားပုံနှိပ် ထုတ်ဝေရာတွင်ဖြစ်စေ အောက်ပါအချက်များကို ကျူးလွန်ခြင်းမပြုရပါ။

၁။ လူမျိုးရေး (သို့မဟုတ်) ဘာသာရေး (သို့မဟုတ်) လူတစ်ဦးချင်း (သို့မဟုတ်) လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု (သို့မဟုတ်) စည်းရုံးလှုံ့ဆော်မှု

၂။ ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသော ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ အကြမ်းဖက်မှု၊ အမုန်းပွားမှုများကို ဖြစ်ပေါ်စေသည့် အပြောအဆို၊ အပြုအမူ၊ အသွင်အပြင်များ ပြုလုပ်ဆောင်ရွက်ခြင်း

၃။ ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း

## ရွေးကောက်ပွဲ ကုန်ကျစရိတ်

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာတွင်လည်း ကိုယ်စားလှယ်လောင်းတစ်ဦးသည် ကုန်ကျစရိတ် သိန်းတစ်ရာအထိသာ သုံးစွဲခွင့်ရှိပါသည်။ ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲ ကုန်ကျစရိတ်အတွက် မိမိ၏ကိုယ်ပိုင်ငွေဖြင့်လည်းကောင်း၊ ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းစီက လည်းကောင်း၊ ကုမ္ပဏီများက တရားဝင်ရရှိထားသော ငွေကြေးများဖြင့် လှူဒါန်းသောငွေဖြင့် လည်းကောင်း၊ သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းက ထောက်ပံ့သောငွေဖြင့် လည်းကောင်း ကျခံသုံးစွဲနိုင်ပါသည်။

သို့သော် မဲဆွယ်စည်းရုံးရေးအတွက် ပုဂ္ဂလိကထည့်ဝင်လှူဒါန်းငွေနှင့် အခြားအထောက်အပံ့များကို တစ်ဦးချင်း အနေဖြင့် မည်မျှသာ လှူဒါန်းနိုင်သည်ကို သတ်မှတ်ထားခြင်းမရှိပါ။ ရွေးကောက်ပွဲကုန်ကျစရိတ်ကိုလည်း ရွေးကောက် တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစပြီး ရက်ပေါင်း (၃၀)အတွင်းမှာ သက် ဆိုင်ရာကော်မရှင် အဖွဲ့ခွဲထံကို တင်သွင်းရမှာဖြစ်သည်။

မဲဆွယ်စည်းရုံးရေးကာလအတွင်း၌

- ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်များသည် အာဏာရပါတီကိုသာ အသာစီးရစေပြီး ပြိုင်ဘက်ပါတီများ ၏ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုတွေအပေါ် ကန့်သတ်ချုပ်ချယ်မှုများ ဖြစ်စေခြင်းရှိ/မရှိ ကို စောင့်ကြည့်လေ့လာ နိုင်ပါသည်။
- ကော်မရှင်မှ ထုတ်ပြန်သော ညွှန်ကြားချက်များသည် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် စံနှုန်းများနှင့် ညီ/မညီ၊ နိုင်ငံ၏ အခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ညီ/မညီ ကို စမ်းစစ် နိုင်သည်။
- ကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ချက်များတွင် အစိုးရအဖွဲ့အစည်း အဆင့်ဆင့်က ဝင်ရောက်ပြီး စွက်ဖက်မှုများ ရှိ/မရှိ စမ်းစစ်နိုင်သည်။
- ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများကို စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ပြီး အုပ် ချုပ်ရေးအာဏာကို အလွဲသုံးစားလုပ်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ လာဘ်ပေးပြီးဆွဲဆောင်ခြင်းများ ရှိ/မရှိကို စောင့်ကြည့်လေ့လာနိုင်ပါသည်။
- ကော်မရှင်က မဲဆွယ် စည်းရုံးရေးလှုပ်ရှားမှုများကို ညှိနှိုင်းဆောင်ရွက်ပေးရာတွင် လည်းကောင်း၊ ခွင့်ပြုမိန့်များ ကို ထုတ်ပေးရာတွင် လည်းကောင်း နိုင်ငံရေးအရ ဘက်လိုက်ပြီး ဆောင်ရွက်မှုများ ရှိ/မရှိ၊ ညှိနှိုင်း ဆောင်ရွက် မှုများကို လုပ်ဆောင်ရာတွင် အဆင်ပြေချောမွေ့မှု ရှိ/မရှိကို စောင့်ကြည့်လေ့လာနိုင်ပါသည်။
- အာဏာရပါတီနှင့် ကိုယ်စားလှယ်လောင်းတစ်ဦးဦးက အစိုးရပိုင် အဆောက်အဦ၊ ငွေကြေး၊ မော်တော်ယာဉ် များနှင့် ဌာနဆိုင်ရာ လုပ်ပိုင်ခွင့်များကို အလွဲသုံးစားလုပ်ပြီး မဲဆွယ်စည်းရုံးခြင်း ရှိ/မရှိကို စောင့်ကြည့်လေ့လာ နိုင်သည်။
- လုံခြုံရေးတာဝန် ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ ၊ တပ်မတော်နှင့် အခြားလက်နက်ကိုင်တပ်ဖွဲ့များက မဲဆွယ် စည်းရုံးရေး ကာလအတွင်း ဝင်ရောက်စွက်ဖက်မှု ရှိ/မရှိ၊ ပါ တီတစ်ပါတီအတွက် ခြိမ်းခြောက်ပြီး ဝင်ရောက်မဲ ဆွယ်ပေးမှု ရှိ/မရှိကို စောင့်ကြည့်နိုင်သည်။
- ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများနှင့် ပတ်သက်ပြီး သတင်းမီဒီယာများ ၏ တင်ပြချက်များတွင် တိကျမှု၊ မျှတမှု၊ တန်းတူညီမျှရှိမှုစသော ကျင့်ဝတ်များပေါ်တွင် မူတည်ပြီး ဖော်ပြရေးသားခြင်း ရှိ/မရှိကို စောင့် ကြည့်နိုင်သည်။

## အခန်း (၆)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (Union Election Commission)

ရွေးကောက်ပွဲတစ်ခု သန့်ရှင်းလွတ်လပ်ပြီး တရားမျှတမှုရှိရန်အတွက် သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်သော ရွေးကောက်ပွဲ ကော်မရှင်တစ်ရပ်ရှိရန် လိုအပ်သည်။ နိုင်ငံအများစုတွင် ရွေးကောက်ပွဲကော်မရှင်ကို အများ၏ ကြည်ညို လေးစားမှုကို ရရှိထားသည့် သမာသမတ်ကျသော ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားကြသည်။ နိုင်ငံတစ်ချို့တွင်မူ အဏ္ဏာရပါတီနှင့် အဓိကအတိုက်အခံပါတီကြီးများက အချိုးကျ နာမည်စာရင်းတင်သွင်းထားသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့ထားသော ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်များလည်းရှိသည်။ ရွေးကောက်ပွဲကော်မရှင်ကို သီး သန့်ဖွဲ့စည်းထားခြင်းမရှိဘဲ ပြည်ထဲရေးဝန်ကြီးဌာန၏ လက်အောက်ခံဌာနတစ်ခုကသာ ရွေးကောက်ပွဲတွေကို တာဝန်ယူ ကျင်းပသည့် ရင့်ကျက်ပြီးသော ဒီမိုကရေစီနိုင်ငံတွေလည်း ရှိကြသည်။

ရွေးကောက်ပွဲများသည် မဲဆန္ဒရှင်ပြည်သူလူထုနှင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကိုယ်စားလှယ်လောင်းများ၏ ယုံကြည်ကိုးစားမှုကို လိုအပ်သည့်အတွက် အသွင်ကူးပြောင်းစ ဒီမိုကရေစီစံနစ် မခိုင်မာသေးသော နိုင်ငံများတွင် ရွေး ကောက်ပွဲကော်မရှင်များကို ပါတီနိုင်ငံရေးနှင့် ကင်းရှင်းပြီး အများ၏ ယုံကြည်ကိုးစားမှုကို ရရှိထားပြီးသော ပုဂ္ဂိုလ်များ ဖြင့်သာ ဖွဲ့စည်းထားကြသည်။ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကို အစိုးရအပါအဝင် နိုင်ငံရေးပါတီ အဖွဲ့အစည်းများ ၏ ဩဇာလွှမ်းမိုးအောက်မှ ကင်းလွတ်အောင် ဖွဲ့စည်းထားနိုင်မည်ဆိုရင် နိုင်ငံရေးအရ ဘက်လိုက်မှုကင်းသည့် သမာ သမတ်ကျသော ကော်မရှင်အဖြစ် ယေဘူယ သတ်မှတ်ကြမှာဖြစ်သည်။

ရွေးကောက်ပွဲနှင့် သက်ဆိုင်သောလုပ်ငန်းများ အားလုံးနီးပါးကို တာဝန်ယူလုပ်ဆောင်ရသည့် ရွေးကောက်ပွဲ ကော်မရှင်များရှိသလို ရွေးကောက်ပွဲကျင်းပသည့်နေ့ တစ်နေ့ တည်းနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကိစ္စရပ်များကိုသာ တာဝန်ယူ ဆောင်ရွက်ခွင့်ရှိသည့် ကော်မရှင်များလည်းရှိသည်။ မဲဆန္ဒနယ်များကို ရေးဆွဲသတ်မှတ်ခြင်း ၊ ပါတီများ မှတ် ပုံတင်ခြင်းနှင့် ပါတီများ၏ အသုံးစားရိတ်များကို ထောက်ပံ့ခြင်း/ရန်ပုံငွေများကို စီစစ်ခြင်း စသည်တို့ကို သီးခြားအဖွဲ့အ စည်းများထံ တာဝန်ပေးအပ်ထားကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၉၇)၊ (၄၀၉) နှင့်(၄၄၃)တို့အရ ပြည် ထောင်စုလွှတ်တော်သည် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို အောင်မြင် စွာ ကျင်းပနိုင်ရန်အတွက် အောက်ဖော်ပြပါ ဥပဒေ(၅)ခုကို ပြဋ္ဌာန်းခဲ့ပါသည်။

(က) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေ

(ခ) ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ

(ဂ) အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ

(ဃ) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပုဒ်မ(၃၉၈)အရ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်ခုနှစ်ဦး ပါဝင်သော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပြီး တာဝန်ပေးအပ်ခဲ့သည်။ ပြည်ထောင်စု ရွေးကောက် ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်-

(၁) အသက် (၅၀) ပြည့်ပြီးသူဖြစ်ရမည်။

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

(၃) (ကက) ပြည်ထောင်စုတရားသူကြီး သို့မဟုတ် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တရား လွှတ်တော် တရားသူကြီးအဖြစ်ဖြစ်စေ၊ အလားတူ ရာထူးတာဝန် တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံးငါးနှစ် ဆောင်ရွက်ခဲ့သူဖြစ်ရမည် (သို့မဟုတ် )

(ခခ) တိုင်းဒေသကြီး (သို့မဟုတ် )ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးအရာရှိ (သို့မဟုတ်) ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည် (သို့မဟုတ်)

(ဂဂ) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး(၂၀)နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူဖြစ်ရမည်(သို့မဟုတ်)

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ရမည်။

(၄) သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူဖြစ်ရမည်။

(၅) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသော ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်း မရှိသူဖြစ်ရမည်။

(၆) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်။

(၇) နိုင်ငံရေးပါတီဝင်မဟုတ်သူ ဖြစ်ရမည်။

(၈) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်။

(၉) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်းမပြုသူ ဖြစ်ရမည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်များမှာ

- လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း။
- လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း။
- ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းစေခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း။
- မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း။
- မဲစာရင်းများ ပြုစုခြင်း၊ ပြုစုစေခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြင်ဆင်စေခြင်း။

- သဘာဝဘေးအန္တရာယ်ကြောင့်သော် လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော် လည်းကောင်း၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း။
- ရွေးကောက်ပွဲဆိုင်ရာ (သို့မဟုတ်) နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်စ သည်များကို သက်ဆိုင်ရာဥပဒေများနှင့်အညီ လည်းကောင်း ထုတ်ပြန်ခြင်း။
- လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာ ထုတ်ပေးခြင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၆ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်ထားရာ၌ ယင်းသို့ ရွေးချယ်ထားသည့် ပုဂ္ဂိုလ်နှင့်ပတ်သက်၍ ကန့် ကွက်ချက်များရှိပါက ယင်းကန့်ကွက်ချက်များကို စစ်ဆေးဆုံးဖြတ်ပေးနိုင်ရေးအတွက် ရွေးကောက်ပွဲခုံအဖွဲ့ များ ဖွဲ့စည်းခြင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (က)နှင့်(ခ)တို့ အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာ ဝန်မှပြန်လည်ရုပ်သိမ်းလိုကြောင်း သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင် နှုန်းတို့က ကော်မရှင်သို့ တင်ပြလာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (ဂ)(ဃ)နှင့်(င)တို့နှင့် အညီ စစ်ဆေးဆောင်ရွက်ခြင်း၊
- ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်အတွက် ရန်ပုံငွေများ ခွဲဝေချထားခြင်း၊ အသုံးစရိတ်များကို ကြီးကြပ်ခြင်း၊ ကြီး ကြပ်စေခြင်း၊
- နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊ ကြီးကြပ်စေခြင်း စစ်ဆေးခြင်းနှင့် လမ်း ညွှန်ခြင်း၊
- ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့ စည်းခြင်း။
- ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်း၊

ကော်မရှင်အဖွဲ့ခွဲများသည်

- နိုင်ငံရေးပါတီတစ်ခု၏ စာရင်းများကို စစ်ဆေးရန် လိုအပ်၍ ကော်မရှင်၏ တာဝန်ပေးချက်အရ စစ်ဆေးရာတွင် အစိုးရဌာနအဖွဲ့အစည်းများမှ အကူအညီရယူ ဆောင်ရွက်ရမည်။
- ကော်မရှင်၏ တာဝန်ပေးချက်အရ ပါတီများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်ရမည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ (၄၀၂) အရလည်း

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ

(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သော ကိစ္စရပ်များတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်များသည် အပြီးအပြတ် အတည်ဖြစ်သည်လို့ ပြဋ္ဌာန်းထားသည်။

ထို့ကြောင့်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နည်းဥပဒေ(၄)မျိုး၊ လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ရပ်မိရပ်ဖ(၆)ဦး၊ ဌာနဆိုင်ရာ အစိုးရဝန်ထမ်း ဦးစီးအရာရှိ(၉)ဦး စုစုပေါင်း (၁၅)ဦးဖြင့် ဖွဲ့စည်းထားလေ့ရှိပါသည်။ ဌာနဆိုင်ရာများဖြစ်သည့်

- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
- လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊
- ကျန်းမာရေးဦးစီးဌာန၊
- ဥပဒေအရာရှိ၊
- အခြေခံပညာရေးဦးစီးဌာန၊
- စာရင်းစစ်ဦးစီးဌာန၊
- စည်ပင်သာယာရေးဦးစီးဌာန
- မြေစာရင်းဦးစီးဌာန
- ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဦးစီးဌာန
- စိုက်ပျိုးရေးဦးစီးဌာန အစရှိသော ဦးစီးဌာနများမှ ဦးစီးအရာရှိများက အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြပြီး
- ရပ်မိရပ်ဖများထဲမှ တစ်ဦးဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြလေ့ရှိသည်။

ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုသည် မြို့နယ်အဆင့် ကော်မရှင်အဖွဲ့ခွဲများနှင့် အောက်ခြေအဆင့် ရပ်ကွက်/ကျေးရွာကော်မရှင် အဖွဲ့ ခွဲများ၊ မဲရုံမှူးများ၏ လုပ်ဆောင်မှုများအပေါ်တွင် များစွာမူတည်နေပါသည်။ ထို့ကြောင့် မြို့နယ်နှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများကို ခန့်အပ်ခြင်း (သို့မဟုတ်) ရွေးချယ်တာဝန်ပေးအပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ဖို့လိုအပ်ပါသည်။ ထို့အပြင် အများက ယုံကြည်ကိုးစားသည့် ဘက်လိုက်မှုကင်းသော ရပ်မိရပ်ဖများကိုလည်း ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်စေရမည်။

## အခန်း (၇)

## ရွေးကောက်ပွဲအကြမ်းဖက်မှု (Electoral Violences)

လွတ်လပ်ပြီးတရားမျှတမှုရှိသည့်ရွေးကောက်ပွဲများ ဖြစ်ရန်အတွက် ငြိမ်းချမ်းသော ပတ်ဝန်းကျင်ကောင်းတစ်ခု မရှိမဖြစ်လိုအပ်သည်။ တရားဥပဒေစိုးမိုးမှု အားနည်းသေးတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းစနိုင်ငံတွေမှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကျင်းပပြီးစီးနိုင်ဖို့ဆိုတာ ထင်သလောက် မလွယ်ကူလှပါဘူး။ မဲဆွယ်စည်းရုံးရေးကာလကနေ ရွေးကောက်ပွဲရလဒ်တွေကို ထုတ်ပြန်ကြေညာသည့် အချိန်အတောအတွင်းမှာ ရွေးကောက်ပွဲ အကြမ်းဖက်မှုတွေ ဖြစ်ပွားတတ်ပါသည်။

ရွေးကောက်ပွဲ အကြမ်းဖက်မှုဆိုသည် မှာ ရွေးကောက်ပွဲဖြစ်စဉ်နှင့် ပတ်သက်၍ လူတစ်ဦး (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုကို အင်အားသုံးပြီး ခြိမ်းခြောက်ခြင်း၊ ရန်ပြုတိုက်ခိုက်ခြင်း၊ ရွေးကောက်ပွဲတွင် အသုံးပြုသည့် အဆောက်အဦများနှင့် ပစ္စည်းများကို ပျက်စီးဆုံးရှုံးမှုများ ဖြစ်စေခြင်း စသည်တို့ကို ဆိုလိုသည်။ ရွေးကောက်ပွဲအကြမ်းဖက်မှုများ၏ အဓိကရည်ရွယ်ချက်မှာ မဲဆန္ဒရှင်များ၊ ပါဝင်ယှဉ်ပြိုင်ကြမည့်ကိုယ်စားလှယ်များ၊ရွေးကောက်ပွဲတာဝန်ရှိသူများ၏ ရွေးကောက်ပွဲဆိုင်ရာ ပြုမှုဆောင်ရွက်ချက်များကို လွှမ်းမိုးပြီး ရွေးကောက်ပွဲရလဒ်များအပေါ်တွင် အကျိုးသက်ရောက်မှုများ ဖြစ်စေရန် ဖြစ်သည်။

တည်ငြိမ်အေးချမ်းမှု အားနည်းသေးတဲ့ဒေသတွေမှာ ဒေသဆိုင်ရာ အာဏာပိုင်တချို့နဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေက သူတို့နဲ့ပတ်သက်မှုရှိတဲ့ ကိုယ်စားလှယ်လောင်းတွေကို ထောက်ခံမဲပေးဖို့အတွက် လက်နက်အားကိုးနဲ့ ခြိမ်းခြောက်လေ့ရှိပါတယ်။ သူတို့ထောက်ခံတဲ့ ကိုယ်စားလှယ်လောင်းကို ထောက်ခံမဲမပေးရင် ဘာလုပ်ပြစ်မယ်၊ ညာလုပ်ပြစ်မယ် ဆိုပြီးတော့လည်း ဖိအားတွေ ပေးတတ်ကြပါသည်။ မျိုးနွယ်စုခေါင်းဆောင်တွေ၊ ဘာသာရေးခေါင်းဆောင်တွေကလည်း သူတို့နဲ့ နီးစပ်မှုရှိတဲ့ ပါတီတွေကို မဲပေးကြဖို့အတွက် အမိန့်ပေးခိုင်းစေတတ်ကြပါသည်။ ဘာသာရေးအရ အစွန်းရောက်သော အဖွဲ့အစည်းများ၏ သွေးထိုးလှုပ်ရှားမှုများ၊ နိုင်ငံရေးအကျိုးအမြတ် အလို့ငှာ အုပ်စုဖွဲ့ ခြိမ်းခြောက်ပြီး မဲတောင်းခံခြင်းများလည်း ဖြစ်ပွားတတ်ပါသည်။

ရွေးကောက်ပွဲတွေ မဲပေးတဲ့နေ့မှာ တဘက်နဲ့တဘက် အချင်းများမှုတွေ၊ အကြမ်းဖက်မှုတွေ၊ သွေးထွက်သံယိုတိုက်ခိုက်မှုတွေ၊ အပြန်အလှန် စွပ်စွဲပြောဆိုမှုတွေ၊ ကောလာဟလတွေ ဖြစ်ပွားနိုင်ပါတယ်။ ရွေးကောက်ပွဲတွေကို ဖျက်လိုဖျက်စီး ပြုလုပ်လိုသူတွေ၊ ပါတီက အခကြေးငွေပေးပြီး ခိုင်းစေထားတဲ့ အဖျက်သမားတွေနဲ့ မသမာတဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေကလည်း ရွေးကောက်ပွဲတာဝန်ရှိသူတွေနဲ့ မဲပေးနေကြသည့် ပြည်သူတွေကို အကြမ်းဖက် တိုက်ခိုက်တာတွေ၊ မဲရုံတွေကို ဖျက်ဆီးပြစ်တာတွေကို ကျူးလွန်တတ်သည်။ ရွေးကောက်ပွဲရလဒ်တွေ ထွက်ပေါ်လာတဲ့အချိန်မှာလည်း ရလဒ်ကို လက်မခံနိုင်ကြတဲ့ ပါတီနဲ့ သူတို့ကို ထောက်ခံကြတဲ့သူတွေက ရလဒ်မှတ်တမ်းတွေ၊ မဲပုံးတွေကို အကြမ်းဖက ဖျက်ဆီးကြတာတွေ၊ မဲရုံတွေကို မီးရှို့ဖျက်ဆီးကြတာတွေ၊ အနိုင်ရပါတီကို ထောက်ခံကြသူတွေအပေါ် အကြမ်းဖက် တိုက်ခိုက်တာတွေကို ကျူးလွန်တတ်ပါသည်။

ရွေးကောက်ပွဲ အကြမ်းဖက်မှုများကို

- အကြမ်းဖက်မှုကို ဖြစ်စေသော အကြောင်းရင်းခံများ၊
- အကြမ်းဖက်မှုကို စတင်စေသော အပြုအမူများနှင့်
- အကြမ်းဖက်မှုကို ကျူးလွန်မည့်သူများ

ဟု အကြမ်းဖျင်း အပိုင်းသုံးပိုင်းပိုင်းခြားနိုင်သည်။ ရွေးကောက်ပွဲ အကြမ်းဖက်မှုများသည် လူ့အဖွဲ့အစည်းအတွင်း၌ ကာလရှည်ကြာစွာ တည်ရှိနေသော လူမှုပြဿနာများ၊ နိုင်ငံရေးအရ ဘေးဖယ်ထုတ်ခံထားရသူများ၏ မကျေနပ်မှုများနှင့် ဖွံ့ဖြိုးမှုကွာဟမှုများ၏ ထင်ဟပ်ဖော်ပြမှုများလည်းဖြစ်သည်။ တစ်ခါတစ်ရံတွင်မူ ပွင့်လင်းမြင်သာမှု ကင်းမဲ့ပြီး တရားမျှတမှု မရှိသော ရွေးကောက်ပွဲဖြစ်စဉ်ကိုယ်၌က အကြမ်းဖက်မှုများအား ဖြစ်ပွားစေနိုင်သည်။ ရွေးကောက်ပွဲတွေကြောင့်လည်း ပြင်းထန်သော သဘောထားကွဲလွဲမှုများနှင့် လူမှုအဖွဲ့အစည်းအတွင်းက ကာလကြာရှည်စွာ အခိုင်အမာစွဲမြဲနေသော အယူအဆ ကွဲပြားခြားနားမှုများလည်း တိမ်မြုပ်နေရာကနေ ပြန်လည်ပြီး ပေါ်ပေါက်လာနိုင်ပါသည်။

အကြမ်းဖက်မှု၏ အကြောင်းရင်းခံလက္ခဏာများ၊ တဘက်နှင့်တဘက်တင်းမာမှုများ စတင်ပေါ်ပေါက်လျှင် ပေါ်ပေါက်ခြင်း လက်ဦးမှုရယူပြီး အရေးယူဖြေရှင်းမှသာ အကြမ်းဖက်မှုတွေကို ကြိုတင်ကာကွယ်နိုင်မှာ ဖြစ်ပါသည်။ ဖြစ်ပေါ်နိုင်ခြေရှိသော ရွေးကောက်ပွဲ အကြမ်းဖက်မှုများကို ထိထိရောက်ရောက်နဲ့ အချိန်မီပြေလည်အောင် ဖြေရှင်းနိုင်ဖို့အတွက်လည်း ဒေသခံလူမှုအဖွဲ့အစည်းတွေ၊ အများကယုံကြည်လေးစားမှုရှိတဲ့ ရပ်မိရပ်ဖတွေ၊ ပါတီတွေက ကိုယ်စားလှယ်တွေ၊ ရွေးကောက်ပွဲတာဝန်ရှိသူတွေနဲ့ လုံခြုံရေးတပ်ဖွဲ့တွေ အတူပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ တင်းမာမှုတွေနဲ့ အချင်းများမှုတွေ ဖြစ်ပွားလာလျှင် ချက်ခြင်းဖြေရှင်းပေးနိုင်မယ့် အစီအစဉ်တွေကိုလည်း ကြိုတင်ပြီး ချမှတ်ထားဖို့ လိုအပ်ပါတယ်။

ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ခြိမ်းခြောက်မှုများနှင့်အကြမ်းဖက်မှုများကို

- လူမှုအဖွဲ့အစည်းနည်းလမ်းအရရော၊
- နိုင်ငံရေးနည်းလမ်းအရရော၊
- တရားဥပဒေနည်းလမ်းများအရရော ချက်ချင်းအရေးယူဆောင်ရွက်ရမည်။

ကာလရှည် စောင့်ကြည့်လေ့လာသူတစ်ဦးအနေနှင့်လည်း ရွေးကောက်ပွဲကာလ တလျှောက်မှာ ဖြစ်ပွားလာမည့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သော ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများကို စောင့်ကြည့်လေ့လာပြီး မှတ်တမ်းရယူထားရမည်။

မဲပေးတဲ့နေ့မှာ တဘက်နဲ့တဘက် အချင်းများမှုတွေ၊ ပဋိပက္ခတွေ၊ အကြမ်းဖက်မှုတွေ၊ သွေးထွက်သံယိုတိုက်ခိုက်မှုတွေ ဖြစ်ပွားနေစဉ်အတွင်း စောင့်ကြည့်လေ့လာသူတစ်ဦးအနေဖြင့် အောက်ပါတို့ကို ရှောင်ရှားရမည်။

- ပဋိပက္ခဖြစ်ပွားနေသည့် အုပ်စုများအကြား ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ပြီး ဖြေရှင်းပေးရန် ကြိုးစားခြင်း။
- ပဋိပက္ခအတွင်း အုပ်စုတစ်အုပ်စုဘက်မှ ပါဝင်ခြင်း။

- ပဋိပက္ခဖြစ်ပွားနေသည့် အုပ်စုတစ်အုပ်စုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အားပေးအားမြှောက်ပြုလုပ်ခြင်း။

စောင့်ကြည့်လေ့လာသူတစ်ဦးအနေဖြင့် သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ခွဲနှင့် ဒေသဆိုင်ရာ လူအများ၏ ကြည်ညိုလေးစားခံရသူတွေကို အမြန်အဆုံးကြောင်းကြားပြီး ပြဿနာကို လာရောက်ပြီး ဖြေရှင်းပေးဖို့ ပန်ကြားသင့်သည်။ တစ်ချိန်တည်းမှာပင် ဖြစ်ပွားနေမှုများကို သတိမှတ်ထားသည့် ထူးခြားဖြစ်စဉ်မှတ်တမ်းတွင် တိတိကျကျ မှတ်တမ်းရေးသားထားရမည်။

# အခန်း (၈)

# နိုင်ငံရေးပါတီများ ဖွဲ့စည်းထူထောင်ခြင်းနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ

## (Party Registration)

ပြည်သူလူထုအနေနဲ့ နိုင်ငံရေးရည်ရွယ်ချက်ချင်း တူညီကြသည့်တခြားသူတွေနှင့် ပူးပေါင်းပြီး နိုင်ငံရေးရာ ကိစ္စတွေကို အတူတကွ လုပ်ဆောင်နိုင်တဲ့ နည်းလမ်းတစ်ခုကတော့ နိုင်ငံရေးပါတီတွေကို ဖွဲ့စည်းထူထောင်ပြီး လုပ်ဆောင်ကြတာပဲဖြစ်သည်။ နိုင်ငံရေးပါတီ များ၏ အဓိကရည်ရွယ်ချက်မှာ မူဝါဒတူညီကြသူတွေ ပူးပေါင်းပြီး နိုင်ငံတော်၏ အာဏာကို တရားဝင်ရရှိရေးအတွက် ရွေးကောက်ပွဲနည်းလမ်းတွေအရ ဆောင်ရွက်ကြတာဖြစ်သည်။

ပြည်သူတစ်ဦးချင်းက အလွယ်တကူ မလုပ်ဆောင်နိုင်တဲ့ အရေးအရာကိစ္စတွေကို ပါတီများအနေနဲ့ စုပေါင်းပြီး လုပ်ကိုင်ဆောင်ရွက်နိုင်ကြပါသည်။ သာမန်ပြည်သူတစ်ဦးတစ်ယောက်တည်းက ပြောဆိုဟေဖန်တာထက် ပါတီများက အစိုးရကို ပိုမိုပြီး ထိထိရောက်ရောက်နှင့် ပြောဆိုဟေဖန်နိုင်ကြပါသည်။ ဒါကြောင့် ပါတီများသည် သာမန်ပြည်သူနဲ့ အစိုးရကြားက ပေါင်းကူးပေးထားသော တံတားတစ်ခုပင် ဖြစ်ပါသည်။

နိုင်ငံရေးပါတီတွေ မရှိဘဲ ဒီမိုကရေစီနိုင်ငံရေးစနစ်ကို အကောင်အထည်မဖော်နိုင်ပါ။ ပြည်သူတွေအနေနဲ့ နိုင်ငံရေးပါတီတွေကို ထူထောင်ပြီး နိုင်ငံရေးလုပ်ငန်းတွေမှာ ပါဝင်ပြီး ဆောင်ရွက်ကြတာကြောင့်လည်း နိုင်ငံရေးပြဿနာတွေနဲ့ လူမှုရေးပဋိပက္ခတွေကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်လာကြပါသည်။

နိုင်ငံရေးပါတီတစ်ခုကို ဖွဲ့စည်းထူထောင်လိုသူ အနည်းဆုံး(၁၅)ဦးသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားနိုင်သည်။ ပါတီတည်ထောင်လိုသူ တစ်ဦးချင်းကလည်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သူဖြစ်ကြောင်းနှင့် ဥပဒေပါပြဋ္ဌာန်းချက်များကိုလည်း စောင့်ထိန်းလိုက်နာမည် ဖြစ်ကြောင်း ဝန်ခံချက်များကို တင်ပြရမည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီထူထောင်သူများ၏ ပြစ်မှုပြစ်ဒဏ်ကင်းရှင်းမှု၊ နိုင်ငံသားဖြစ်မှုတို့နှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ထံမှ သဘောထားမှတ်ချက်များကို တောင်းခံခြင်း၊ လိုအပ်သော စာရွက်စာတမ်းများကို တောင်းခံစစ်ဆေးခြင်းတို့ကို ပြုလုပ်ပါသည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပါတီထူထောင်သူများသည် နိုင်ငံသားများဖြစ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူများနှင့် ဧည့်နိုင်ငံသားကတ် ကိုင်ဆောင်ထားသူများ နိုင်ငံရေးပါတီ တည်ထောင်ခွင့် မရှိတော့ပါ။ အဆိုပါဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များနှင့် အခြားသူများ၏ ကန့်ကွက်မှုများ အပေါ်မူတည်ပြီး ဥပဒေနှင့်ညီညွတ်ကြောင်းတွေ့ရှိပါက လာရောက်လျှောက်ထားသည့်သူများကို နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုရသည်။

တည်ထောင်ခွင့်ပြုပြီး ရက်ပေါင်း (၃၀) အတွင်းတွင် ပါတီထူထောင်ခွင့်ရသူများ၏ ခေါင်းဆောင်တစ်ဦးနှင့် ဒုတိယခေါင်းဆောင်တစ်ဦးတို့သည် မိမိတို့တည်ထောင်လိုသော ပါတီကို နိုင်ငံရေးပါတီအဖြစ် တရားဝင်မှတ်ပုံတင်ပေးရန်

ကော်မရှင်ကို ကိုယ်တိုင်လာရောက်ပြီး တင်ပြရသည်။ မှတ်ပုံတင်ကြေးအဖြစ် ငွေကျပ်သုံးသိန်းကိုလည်း ပေးသွင်းကြရသည်။

နိုင်ငံရေးပါတီအဖြစ် တရားဝင်မှတ်ပုံတင်ခွင့်ရရှိသော ပါတီသည် မှတ်ပုံတင်ခွင့်ရပြီး ရက်ပေါင်း(၉၀)အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီဆိုရင် ပါတီဝင် အနည်းဆုံး (၁၀၀၀)၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့် ပါတီဆိုရင် ပါတီဝင်အနည်းဆုံး (၅၀၀)ကို ပြည့်မီအောင်စည်းရုံးပြီး မိမိတို့စည်းရုံးရရှိထားသည့် ပါတီဝင်အင်အားကို စာရင်းပြုစုပြီးကော်မရှင်ထံပေးပို့ရသည်။

နိုင်ငံရေးပါတီများတွင် ပါတီဝင်များအဖြစ် ပါဝင်ဆောင်ရွက်ကြမည့်သူများသည်လည်း နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများဖြစ်ရပါမည်။ ထို့ကြောင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူများနှင့် ဧည့်နိုင်ငံသားကတ်ကိုင်ဆောင်ထားသူများသည် နိုင်ငံရေးပါတီများတွင် ပါတီဝင်များအဖြစ် ပါဝင်ဆောင်ရွက်ခွင့်မရရှိကြပါ။

ပါတီတစ်ခုသည် မိမိ၏နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို နှစ်အလိုက် ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများအား နှစ်ချုပ်စာရင်းပြုစုခြင်း၊ ယင်းစာရင်းများကို ပါတီတွင်း စာရင်းစစ်ကော်မတီတစ်ရပ်ဖြင့်စစ်ဆေးခြင်း၊ ပါတီစည်းမျဉ်းစည်းကမ်းများနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး သုံးလအတွင်း ပြီးပြတ်အောင် ရေးဆွဲထားရသည်။နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ မြန်မာနိုင်ငံတွင် တရားဝင် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ (၇၀) ပါတီကျော်ရှိသည်။

နိုင်ငံရေးပါတီတစ်ပါတီသည် အောက်ပါ အကြောင်းတစ်ခုခုနှင့် ငြိစွန်းနေလျှင် ဆက်လက်ပြီး ရပ်တည်ခွင့်မရှိတော့ပါ။

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။
- တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။
- နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲတရားဥပဒေများကို လေးစားလိုက်နာမှု မရှိခြင်း။
- နိုင်ငံရေး (သို့မဟုတ်) ဘာသာရေး (သို့မဟုတ်) လူတစ်ဦးချင်း (သို့မဟုတ်) လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု (သို့မဟုတ်) စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း။
- ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစား ပြုလုပ်ခြင်း။
- နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ (သို့မဟုတ်) ဘာသာရေးအဖွဲ့အစည်းများ (သို့မဟုတ်) အခြားအဖွဲ့အစည်းတစ်ခုခု (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရယူသုံးစွဲခြင်း (သို့မဟုတ်) ယင်းတို့၏ဩဇာခံယူခြင်း။
- တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း။

- နိုင်ငံတော်အား လက်နက်ကိုင် ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်း (သို့မဟုတ်) အကြမ်း ဖက် လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆက်သွယ်ခြင်း (သို့မဟုတ်) အားပေးကူညီခြင်း။
- နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရယူသုံးစွဲသည့် အဖွဲ့အစည်း ဖြစ်ကြောင်းတွေ့ရှိခြင်း။
- ဥပဒေပုဒ်မ(၁၀)ပါ အချက်တစ်ရပ်ရပ်နှင့် ကိုက်ညီခြင်းမရှိသောသူများကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းမပြုဘဲ တမင်ထိန်ချန်ထားခြင်း။

## ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း

ရွေးကောက်ပွဲများတွင် သက်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ဝင်ရောက်ပြီး အရွေးချယ်ခံလိုသော ကိုယ်စားလှယ်လောင်းများသည် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ အမည်စာရင်းတင်သွင်းနိုင်သည်။

ယှဉ်ပြိုင်ရွေးကောက်ခံမည့်ကိုယ်စားလှယ်လောင်းများသည်

- နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားရပါမည်။
- ပြည်သူ့လွှတ်တော်အတွက်အသက်(၂၅)နှစ်ပြည့်ပြီးသူ၊
- အမျိုးသားလွှတ်တော်အတွက် အသက်(၃၀)နှစ်ပြည့်ပြီးသူ။
- ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသည့် အချိန်နှင့် တစ်ဆက်တည်း နိုင်ငံတွင် အနည်းဆုံး(၁၀)နှစ် အခြေချနေထိုင်ခဲ့သူလည်းဖြစ်ရပါမည်။

အမည်စာရင်းတင်သွင်းလွှာကို စိစစ်ရာတွင် ကော်မရှင်အဖွဲ့ခွဲကဖြစ်စေ၊ ယှဉ်ပြိုင်ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်း တစ်ဦးဦးက လုံလောက်သော အထောက်အထားများ တင်ပြပြီး ကန့်ကွက်သောကြောင့် ဖြစ်စေ၊ အောက်ပါ အကြောင်းတစ်ရပ်ရပ်နှင့် ပတ်သက်ပြီး ခိုင်လုံသော အထောက်အထားများကို တွေ့ရှိပါက ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းတင်သွင်းလွှာကို ကော်မရှင်မှ ပယ်နိုင်သည်။

(က) အမည်စာရင်းတင်သွင်းလွှာတွင် ဖော်ပြထားသော အမည်နှင့် နိုင်ငံသား စီစစ်ရေးကတ်ပြားအမှတ် (သို့မဟုတ်) အမျိုးသားမှတ်ပုံတင်ကတ်ပြား အမှတ်တို့သည် သက်ဆိုင်ရာမဲစာရင်းတွင်ပါသော အမည်နှင့် နိုင်ငံသား စီစစ်ရေးကတ်ပြားအမှတ်(သို့မဟုတ်) အမျိုးသားမှတ်ပုံတင်ကတ်ပြားအမှတ်တို့နှင့် ကိုက်ညီမှု မရှိခြင်း။

(ခ) အမည်စာရင်းတင်သွင်းလွှာကို လိမ်လည်ပြုလုပ်တင်သွင်းခြင်း။

(ဂ) ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူဖြစ်ခြင်း (သို့မဟုတ်) ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံသူမဟုတ်ခြင်း၊

ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ ကျပ်သုံးသိန်းကိုလည်း သတ်မှတ်ထားသော ဘဏ်တွင် ပေးသွင်းကြရသည်။ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရလျှင် ရွေးကောက်ပွဲအာမခံငွေကို ပြန်လည် ထုတ်ပေးမည်ဖြစ်ပြီး ရွေးကောက်တင်မြှောက်ခြင်း မခံရသော်လည်း ခိုင်လုံသော ဆန္ဒမဲ ၁၂% ( ရှစ်ပုံတစ်ပုံ)နှင့် အထက်ရရှိသော ကိုယ်စားလှယ်လောင်းများကိုလည်း အာမခံငွေ ပြန်လည်ပြီး ထုတ်ပေးမည်ဖြစ်သည်။ ရွေးကောက်တင်မြှောက်မခံရသည့်အပြင် ခိုင်လုံသော ဆန္ဒမဲ ရှစ်ပုံတစ်ပုံကို မရရှိကြသော ကိုယ်စားလှယ်လောင်းများ၏ အာမခံငွေကိုမူ နိုင်ငံတော်၏ ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်သည်။

# အခန်း (၉)

# ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့်ပြစ်ဒဏ်များ

ဘက်လိုက်မှုကင်းပြီး သန့်ရှင်းတရားမျှတမှုရှိသော ရွေးကောက်ပွဲတစ်ခု ဖြစ်ရန်အတွက် ရွေးကောက်ပွဲဖြစ်စဉ်တွင် ပါဝင်ပတ်သက်ကြသူများဖြစ်သည့် မဲဆန္ဒရှင်ပြည်သူများ၊ ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲတာဝန်ရှိသူများနှင့် စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ ရွေးကောက်ပွဲဆိုင်ရာ မဲသမာမှုများ၊ မတရားပြုကျင့်မှုများကို အသေအချာသိထားကြရပါမည်။

တားမြစ်ချက်များ၊ ကန့်သတ်ချက်များကို မလေးမစားမလိုက်နာဘဲ ဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ်နှင့် ငွေဒဏ်များ ချမှတ်ပြီး အရေးယူခံရမည်ဖြစ်ကြောင်းလည်း သိထားရပါမည်။ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ၊ မဲမသမာမှုများကို ကျူးလွန်ကြောင်း တွေ့ရှိရပါက ထောင်ဒဏ်(၁)နှစ်နှင့် ငွေဒဏ်တစ်သိန်းအထိ ချမှတ်နိုင်ပါသည်။

## ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ

၁။ ပုဂ္ဂိုလ်တစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်း မပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ လိမ်လည် လှည့်ဖြားခြင်း၊ လာဘ်ပေးခြင်း(သို့မဟုတ်)လာဘ်ယူခြင်း။ အောက်ပါပြုလုပ်မှုတစ်ရပ်ကို ကျူးလွန်ခြင်း(သို့မဟုတ်)ကျူးလွန်ရန် အားပေးကူညီခြင်း

(က) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို မတရားသဖြင့် ရရှိစေရန် လည်းကောင်း၊ ယင်းအခွင့်အရေးကို ရရှိခဲ့ခြင်းအတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် လည်းကောင်း ငွေ၊ ပစ္စည်း၊ အစားအသောက်၊ ရာထူး၊ အလုပ်အကိုင်နေရာ ပြောင်းရွှေ့မှု (သို့မဟုတ်) အခြား အခွင့်အရေးတစ်ခုခုကို အသုံးပြုလျက် လာဘ်ပေးခြင်း(သို့မဟုတ်) လာဘ်ယူခြင်း၊

(ခ) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသော်လည်းကောင်း၊ ဆန္ဒမဲပေးပိုင် ခွင့်ရှိသူတစ်ဦးဦးကိုသော် လည်းကောင်း ခြိမ်းခြောက်ခြင်း၊

(ဂ) လူမျိုးရေးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေ အကြောင်းပြု၍ ဆန္ဒမဲပေးရန် သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြော ခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း (သို့မဟုတ်) ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်း၊

(ဃ) ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း(သို့မဟုတ်)အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း။

(က) ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသောစာရင်း၊ အကြောင်းကြားစာ (သို့မဟုတ်) ရွေးကောက်ပွဲဆိုင်ရာ အခြားစာရွက်စာတမ်းများကို တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း (သို့မဟုတ်) ဖတ်ရှု၍ မရစေရန် ပြုလုပ်ခြင်း၊

(ခ) မဲစာရင်းကိုသော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ် (သို့မဟုတ်) ကြိုတင် ဆန္ဒမဲလက်မှတ်ကိုသော်လည်းကောင်း၊ ယင်းတို့ကို ပေးပို့ရာတွင် အသုံးပြုသော စာအိတ်(သို့မဟုတ်)အထုပ်ကို သော်လည်းကောင်း တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း(သို့မဟုတ်)ယင်းတို့တွင် ရေးသွင်းထားချက်များကို ဖတ်ရှု၍ မရစေရန် ပြုလုပ်ခြင်း။

(ဂ) ဆန္ဒလက်မှတ် (သို့မဟုတ်) ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအား ပေးခြင်း၊

(ဃ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊

(င) အသုံးပြုဆဲဖြစ်သော မဲပုံးကို အခွင့်အာဏာမရရှိဘဲ ဖွင့်လှစ်ခြင်း (သို့မဟုတ်) ဆန္ဒမဲလက်မှတ် (သို့မဟုတ်) ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း၊

(စ) ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော ဆန္ဒမဲပေးခြင်း၊

(ဆ) ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊

(ဇ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် (သို့မဟုတ်) ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း (သို့မဟုတ်) ဆန္ဒမဲပေးခြင်း၊

(ဈ) ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံအတွင်းသို့ ဝင်ခွင့်မရှိဘဲ ဝင်ရောက်ခြင်း၊

(ည) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ် တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း။

- ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးဦးအား ဆန္ဒမဲပေးခြင်း မပြုနိုင်စေရန် နှောင့်ယှက်ခြင်း (သို့မဟုတ်) နှောင့်ယှက်ရန် အားပေး ကူညီခြင်း
- မဲရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသော အချိန်နာရီအတွင်း မဲရုံအတွင်း မဖွယ်မရာသော အပြုအမူကို ပြုခြင်း (သို့မဟုတ်) မဲရုံ မှူးက မိမိ၏တာဝန်တွရားအရပေးသည့် အမိန့်ကို မနာခံခြင်းကြောင့် မဲရုံမှူး (သို့မဟုတ်) မဲရုံမှူး၏ အခွင့်အာဏာရ မဲရုံအဖွဲ့ဝင်တစ်ဦး၏ အမိန့်အရ တာဝန်ကျရဲတပ်ဖွဲ့ဝင် (သို့မဟုတ်) အခြားလုံခြုံရေး တာဝန်ရှိသူက မဲရုံမှဖယ်ရှားခံရပြီးနောက် မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ မဲရုံသို့ ပြန်ဝင်လာခြင်း

ရွေးကောက်ပွဲနေ့တွင် မဲရုံတွင်းနှင့် မဲရုံ၏ ကိုက်(၅၀၀)အတွင်း

- မဲဆွယ်ခြင်း၊
- မဲဆန္ဒရှင်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်း (သို့မဟုတ်) ဆန္ဒမဲမပေးရန် တိုက်တွန်းသွေးဆောင်ခြင်း။

- ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန်သော်လည်းကောင်း မပေးရန် သော်လည်းကောင်း တိုက်တွန်းသွေးဆောင်ခြင်း။
- ဆန္ဒမဲပေးရန် လာရောက်သူများများ စိတ်ငြိငြင်စေရန်(သို့မဟုတ်)မဲရုံတွင် တာဝန်ကျသော မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဂတ္တရားဆောင်ရွက်ခြင်းကို အနှောက်အယှက်ဖြစ်စေရန် မဲရုံတွင်းဖြစ်စေ၊ မဲရုံမှ ကိုက်(၅၀၀) အတွင်းဖြစ်စေ အသံချဲ့စက်အစရှိသော အသံကို ကျယ်အောင်ပြုလုပ်သည့် ကိရိယာတန်ဆာပလာ သုံးစွဲခြင်း၊ အော်ဟစ်ခြင်း၊

အထက်ပါ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ၊ မဲမသမာမှုများသည် ရဲက အရေးယူနိုင်သော ပြစ်မှုများဖြစ်သည့်အတွက် တရားရုံးများတွင် သွားရောက်ပြီး တရားစွဲဆိုစရာ မလိုပါ။ ထို့ကြောင့် အဆိုပါပြစ်မှုများကို မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ မဲရုံးကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ နှင့် မဲရုံတာဝန်ရှိသူများက ရဲစခန်းတွင် သွားရောက်ပြီး အမှုဖွင့် တိုင်ကြားနိုင်ပါသည်။ ရွေးကောက်ပွဲ မကျင်းပခင်တွင် ကျူးလွန်ပါက ကျင်းပသည့်နေ့တွင် လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့မှစ၍ (၁၅)ရက်အတွင်း တိုင်ကြားနိုင်ပါသည်။ (၁၅)ရက်ကျော်လွန်သွားပါက တိုင်ကြားခွင့် မရှိတော့ပါ။

အဆိုပါပြစ်မှုများကို မဲပေးခွင့်ရှိသူများက ကိုယ်စားလှယ်လောင်းနှင့် ၎င်းတို့၏ မဲရုံကိုယ်စားလှယ်များ၊ မဲရုံတာဝန်ရှိသူများနှင့် အခြားတစ်ဦးဦးတို့ကို ဥပဒေနှင့်အညီ တိုင်တန်းနိုင်ပါသည်။ ကိုယ်စားလှယ်လောင်းနှင့် ၎င်းတို့၏ မဲရုံကိုယ်စားလှယ်များကလည်း မဲပေးခွင့်ရှိသူများ၊ မဲရုံတာဝန်ရှိသူများနှင့် အခြားတစ်ဦးဦးတို့ကို ဥပဒေနှင့်အညီ တိုင်တန်းနိုင်ပါသည်။ မဲရုံတာဝန်ရှိသူများကလည်း ကိုယ်စားလှယ်လောင်းနှင့် ၎င်းတို့၏ မဲရုံကိုယ်စားလှယ်များ၊ မဲပေးခွင့်ရှိသူများ၊ အခြားတစ်ဦးဦးကို ဥပဒေနှင့်အညီ တိုင်တန်းနိုင်ပါသည်။

ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ၊ မဲမသမာမှုများကိုကျူးလွန်ကြောင်း တွေ့ရှိရပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါသည်။ လိမ်လည်စွပ်စွဲ တိုင်တန်းကြောင်း ပြစ်မှုထင်ရှားပါက သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတနိုင်ပါသည်။

တရားမဲ့ပြုကျင့်မှုများ

- ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်နေရပ်မပါရှိသော ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း၊ ပိုစတာစသည်တို့ကို ဖြန့်ချိထုတ်ဝေခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း။

- လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်၏ တိုက်တွန်းချက်ခြင်း ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော် လည်းကောင်း၊ မဲဆန္ဒရှင်က ဆန္ဒမဲပေးချိန်တွင် မိမိ၏ ဆန္ဒမဲလက်မှတ်ကို မဲရုံမှအခြားသို့ ယူဆောင်သွားခြင်း၊
- လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦး ဦး၏ သဘောတူညီချက်အရ အခြားသူတစ်ဦးကဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက် တင်မြှောက်ခံရရေးအတွက် အကူအညီကို ဂန်ထမ်းတစ်ဦးဦးထံမှ ရယူခြင်း၊ ရယူရန် အားပေးကူညီခြင်း(သို့မ ဟုတ်)ရယူရန် အားထုတ်ခြင်း၊
- လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ဘာသာရေး အထိမ်းအမှတ် များကို ရွေးကောက်ပွဲတွင် အသုံးပြုခြင်း (သို့မဟုတ်) လူမျိုးရေးကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကိုဖြစ်စေ အ ကြောင်းပြု မဲပေးကြရန် (သို့မဟုတ်) မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်း။
- လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ပါတီတစ်ခုခုကိုဖြစ်စေ၊ တစ် ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ ရေးသားခြင်း၊ အများပြည်သူ ဆူပူမှုဖြစ်အောင် ဖန်တီး ခြင်း၊